မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၉)၊ အမှတ်(၁၆၅)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၂-၅-၂၀၂၆၊ သောကြာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၁

တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီ ဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော် အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများ တွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် မေ ၂၁

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးခဲ့သော ပြည်သူ့စစ်မှုထမ်းများအား သင်တန်းအမှတ်စဉ်များအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အဆိုပါ နိုင်ငံ့သားကောင်းရတနာများသည် တပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိကြသည်။

စာမျက်နှာ ၅ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၂၁

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

## လာမည့် ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သော အခြေအနေများကိုတွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ လာမည့်ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့။

## တစ်ဦးပေါ်တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေထိုင်ကြရမည်

မေတ္တာဟူသည် အသွားအပြန် ရှိသည်ဆိုသော သဘောဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ ဆိုးတာလုပ်လျှင် ဆိုးတာဖြစ်မည်ဟု ယုံကြည်ကြပါသည်။ ကံ၊ ကံ၏အကျိုးပင်ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်း၊ အတုံ့အလှည့် ကျေးဇူးပြုခြင်းဟူသော လိုရင်းအဓိပ္ပါယ်ကို "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"ဟု အထိအမိဆုံး သုံးနှုန်းကြသည်။ ကျွန်းနှင့်ကိုင်းတို့သည် အပြန်အလှန် အမှီသဟဲပြုခြင်း၏ သဘောသဘာဝကို ပြသနေသည်။ ထို့ပြင် မိဘနှင့်သားသမီးတို့သည် ကိုင်းနှင့်ကျွန်းကဲ့သို့ဖြစ်သည်။ မိဘမေတ္တာဟူသော မြေဆီလွှာကောင်းတွင် ကိုင်းပင်ကလေးများနှင့်တူသော သား၊ သမီးတို့၏ဘဝများ အောင်မြင်စွာဖူးပွင့်ဝေဆာစေနိုင်ပါသည်။

ထို့ပြင် လူ့ဘောင်လောကသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်းဖြင့် တည်တံ့နေသည်။ ကျေးဇူးသည် တစ်ဦးက တစ်ခြားတစ်ဦးအပေါ်တွင် ပြုသောအကျိုးဆောင်မှုဖြစ်သည်။ အပြန်အလှန် အကျိုးရလဒ် မျှော်လင့်ချက်မရှိဘဲ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်း အားဖြင့်လည်းကောင်း ပံ့ပိုးကူညီပေးမှုဖြစ်သည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်သည်။ ဥယျာဉ်ဟူ၍ ရှိနေသောကြောင့် ရောင်စုံပန်းများ ပွင့်လန်း၍ ရောင်စုံပန်းတို့ကြောင့်လည်း ဥယျာဉ်ဖြစ်လာသည်။

ကျေးဇူးပြုသူ၊ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်ထားသော်လည်း ထိုအရာများသည် ဟန်ချက်ညီရန်လိုအပ်သည်။ ကျေးဇူးပြုသူက မာန်မာနမပါ၊ မေတ္တာရှေ့ထားရပြီး ကျေးဇူးခံယူသူက တုံ့ပြန်မေတ္တာဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သည်။ သစ်ပင်ရိပ်ကို ခိုလှုံခဲ့ဖူးသူက ထိုသစ်ပင်၏ ကျေးဇူးကို သိတတ်ရသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဘုရားကဟောကြားတော်မူခဲ့သည်။ ထို့ပြင် ကျေးဇူးသိတတ်ခြင်းသည် လောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းကောင်းဖြစ်သည်။ တောင်သူလယ်သမားတို့ကို ထမင်းစားသူတိုင်းက ကျေးဇူးသိခြင်းဖြင့် စားနပ်ရိက္ခာ ပိုမိုကြွယ်ဝလာမည်ဖြစ်သည်။ နိုင်ငံသားတိုင်းကလည်း အမိမြေ၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် အမိမြေ စည်ပင်တိုးတက်လာမည်ဖြစ်သည်။ "အလှူပေး၊ သူဌေးဖြစ်" စကားလည်းရှိပါသည်။ "မရှိလို့ မလှူ၊ မလှူလို့ မရှိ" ဟုလည်း ဆိုကြပါသေးသည်။ ဒါနသည် ကုသိုလ်ပင်တည်း၊ သူတစ်ပါးကောင်းကျိုးဆောင်ရွက်သူမှာ မည်သည့်အခါမျှ မတိမ်ကော မညှိုးနွမ်းပါ။ "ကျီးကို ဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရှိသေ"ဆိုသကဲ့သို့ မိမိက သူတစ်ပါးကို ရှိသေလေးစားမှ သူတစ်ပါးကမိမိကို ရှိသေလေးစားမည်ဖြစ်သည်။ သို့ဖြစ်ရာ လောကတွင် ကြီးသူကိုရှိသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားခြင်းဖြင့် အချင်းချင်း ညီညွတ်ရိုင်းပင်းကြရမည်ဖြစ်သည်။ တစ်ဖန် တစ်ဦးအပေါ်တစ်ဦး "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"နေထိုင်ကြရမည်ဖြစ်သည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုသိတတ်ခြင်း၊ အထူးသဖြင့်မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးကို သိတတ်ရခြင်း၊ သိတတ်ရုံမျှမက ပြန်လည်ပေးဆပ်နိုင်အောင်လည်း ကြိုးစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပျားမွေးမြူရေး အသိပညာပေးသင်တန်းဖွင့်လှစ် ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်နှင့် အားနည်းချက်၊ အားသာချက်များ ချပြရှင်းလင်း

**ကျောက်ပန်းတောင်း မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပျားမွေးမြူရေးဌာနခွဲ၊ မြို့နယ်တာဝန်ခံရုံးမှ ဦးစီး၍ အစိုးရသစ် ရက်(၁၀၀) အတွင်း ဆောင်ရွက်မှုအဖြစ် ပျားမွေးမြူရေး ပြည်သူ့အသိပညာပေးသင်တန်းနှင့် ပျားအိမ် အမျိုးအစားအလိုက် ကုန်ကျစရိတ်နှင့် အားနည်းချက်၊ အားသာချက်များ ချပြရှင်းလင်းခြင်းကို၊ ယနေ့နံနက် ၁၀ နာရီခွဲက လယ်ယားတောင်ကျေးရွာအုပ်စုရှိ ရေထွက်ကျေးရွာ၊ ရွယ်လယ်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ် တာဝန်ခံ ဒေါက်တာသန်းထွန်းလင်း(လက်ထောက်ညွှန်ကြားရေးမှူး)က အဖွင့်အမှာစကား ပြောကြားပြီး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ကျောက်ပန်းတောင်းမြို့နယ်တာဝန်ခံ ဒေါ်မူမူခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသိန်းကိုက ပျားရည်ထုတ်လုပ်ရေး၊ ပျားဖယောင်းထုတ်လုပ်ရေး၊ ပျားဝတ်မှုန်ထုတ်လုပ်ရေး၊ ပျားအုံတိုးပွားရေးနှင့် ပျားဘုရင်မမွေးမြူရေး ပျားရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောပြီး၊ ဖော့ပျားအိမ်၊ ကျွန်းပျားအိမ်၊ အထပ်သားပျားအိမ် အမျိုးအစားအလိုက် ကုန်ကျစရိတ်နှင့် အားသာချက်၊ အားနည်းချက်များကို ချပြရှင်းလင်း၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ခင်းကျင်းပြသထားသည့် ပျားရည်အမျိုးမျိုးနှင့် ပျားမွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများကို တိုင်းတာဝန်ခံက လိုက်လံရှင်းလင်းပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းကို သင်တန်းနည်းပြအဖြစ် မြို့နယ်တာဝန်ခံဒေါ်မူမူခိုင်(ဦးစီးအရာရှိ)နှင့် ဦးသံဒိုင်(ဒုတိယဦးစီးမှူး)တို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး၊ သင်တန်းကာလမှာ ၃ ရက်ဖြစ်ကြောင်းနှင့် သင်တန်းသို့ စီးပွားဖြစ် ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် စီးပွားဖြစ်ပျားရည်ထုတ်လုပ်သူ ၁၅ ဦး၊ နေကြာစိုက်တောင်သူ ၂၀ ဦး စုစုပေါင်း ၃၅ ဦးတို့အား ချပြရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရပြီး၊ သင်တန်းဖွင့်ပွဲသို့ ပျားလုပ်ငန်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသိန်းကို၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းလင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်နှင့် ဝန်ထမ်းများ၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ မြို့နယ်တာဝန်ခံ ဒေါ်မူမူခိုင်နှင့် ဝန်ထမ်းများ၊ စီးပွားဖြစ် ပျားမွေးမြူထုတ်လုပ်သူများ၊ နေကြာစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

၀-၀-၀-၀-၀

၀-၀-၀

## မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်ရရှိရေး စံပြကွက်များအတွက် မျိုးစေ့နှင့်သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်ရရှိရေး စံပြကွက်များအတွက် မျိုးစေ့နှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ္ထီလာမြို့နယ်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မျိုးစေ့ထုတ်စံပြကွက်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များ စိုက်ပျိုးသွားမည်ဖြစ်ရာ ၎င်းစိုက်ဧကများအတွက် မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၎င်းနောက် ရက်(၁၀၀) စီမံချက်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်ရရှိရေးစံပြကွက် တောင်သူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်း၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးတို့က အသီးသီးပေးအပ်ခဲ့သည်။

မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာအုပ်စု ၅ အုပ်စုမှ တောင်သူ ၃၂ ဦး ၏ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ မျိုးစေ့ထုတ်စံပြကွက် စိုက်ဧက ၉၅ ဧကနှင့် ကျေးရွာအုပ်စု ၆ အုပ်စုမှ တောင်သူ ၅၁ ဦး၏ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် စိုက်ဧက ၁၀၀ တို့အတွက် မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀

၀-၀-၀

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆို၊ စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပ

**မန္တလေး မေ ၂၁**

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၁၉ ရက် နံနက် ၇ နာရီ တွင် ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟ ဦးဆောင်သော ဝန်ထမ်းများသည် ကျောက်ဆည်မြို့နယ်၊ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်ဘုရား၌ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေးနှင့် စနစ်တကျ အမှိုက်စွန့်ပစ်တတ်စေရေး ရည်ရွယ်ချက်ဖြင့် စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပခဲ့သည်။



အဆိုပါ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး စုပေါင်းအမှိုက်ကောက်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရွှေသိမ်တော်ဘုရားမှ အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဘုရားဝင်းဈေးသည်များ စုစုပေါင်း အင်အား ၁၇၀ ဦးခန့်ဖြင့် စုပေါင်းအမှိုက်ကောက်ခဲ့ပြီး အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ပြီးနောက် နံနက် ၉ နာရီ အချိန်တွင် စုပေါင်းအမှိုက်ကောက်ပွဲ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ



လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယကက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယကက အဖွင့်အမှာစကားပြောကြားရာတွင် လာမည့် ဇွန် ၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ဒုတိယပုံမှန် အစည်းအဝေး၊ တတိယပုံမှန် အစည်းအဝေးကို ကျင်းပပြုလုပ်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက လွှတ်တော်ပြက္ခဒိန် လျာထားထုတ်ပြန်ထားပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကို ကြိုတင်သိအောင် ပေးပို့ထားရှိပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ဒုတိယပုံမှန် အစည်းအဝေး ကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေးဖိတ်စာများ ပေးပို့ထားရှိပြီး ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မေ ၃၀ ရက်ထက်မစော၊ ၃၁ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ လာရောက်ရန် ခေါ်ယူထားပြီး ဖြစ်ပါကြောင်း။

တည်းခိုရေးနှင့်နေရာချထားရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိချိန်တွင် လုံခြုံစိတ်ချစွာ တည်းခိုနေထိုင်နိုင်ရန် အဆောက်အအုံများ ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် အသုံးအဆောင်ပစ္စည်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာရုံး၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားရှိရမည်ဖြစ်ပါကြောင်း၊လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလများတွင် လွှတ်တော်ဝင်းအတွင်း အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့် နေရာများ၊ ယာဉ်တန်းအပါအဝင် သတ်မှတ်နေရာအလိုက် လုံခြုံရေး စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းကော်မတီ အနေဖြင့် လွှတ်တော်အသီးသီးရှိ Audio၊ ဗီဒီယိုဆက်သွယ်မှုစနစ်များ အပါအဝင် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း တည်းခိုနေထိုင်သည့် နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်၊ သောက်သုံးရေ၊ စားသောက်မှုများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေး ကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှ နေပြည်တော်သို့ အသွားအပြန် ခရီးစဉ်များနှင့် နေပြည်တော်၌ စုပေါင်း တည်းခိုနေထိုင်သည့် နေရာများမှ လွှတ်တော်များသို့ သွားလာရေးကိစ္စများ အဆင်ပြေစေရန် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အခမ်းအနား ပြင်ဆင်ရေး ကော်မတီအနေဖြင့်လွှတ်တော်ဝင်း အတွင်းရှိ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးလိုင်းများ၊ ရုပ်သံ၊ ရေဒီယို၊ တီဗွီဆိုင်ရာ လုပ်ငန်းများ ကောင်းမွန်စေရေး၊ လွှတ်တော် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ အပါအဝင် လွှတ်တော်ပရဝဏ် အတွင်း သန့်ရှင်းသာယာလှပရေး နှင့်လွှတ်တော်အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ပြန်ကြားရေး ကော်မတီအနေဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပမှု ရုပ်သံ၊ သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်မှုနှင့် ရုပ်သံစက်ပစ္စည်းများ ကောင်းမွန်ရန်၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူရေးကိစ္စများကို စနစ်တကျနှင့် အဆင်ပြေစေရန် မီဒီယာကတ်ထုတ်ပေးခြင်းနှင့် ရုပ်သံဆိုင်ရာ စက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အတွင်း သတင်းရယူရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့် စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးတာဝန်ယူပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြား သတင်းထောက်များ အသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့အတူ လွှတ်တော်အစည်းအဝေးများကျင်းပစဉ် လွှတ်တော်ပရဝဏ်အတွင်း၊ လွှတ်တော်အစည်းအဝေးခန်းမကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန်၊ ဆက်သွယ်ရေးနှင့် ဆန္ဒမဲပေးစက် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး စနစ်တကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက်လာကြသည့်ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ် ပထမပုံမှန် အစည်းအဝေးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည် ကော်မတီဝင်များအားလုံး၏ စုပေါင်း ညီညွတ်မှု၊ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရေးနှင့် ပတ်သက်၍လည်း စောင့်ရှောက်မှုများ အချိန်မီဂရုတစိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ကျင်းပမည့် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးများတွင် ဥပဒေကြမ်းများ၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဆွေးနွေးခြင်းဖြင့် လွှတ်တော်ကဏ္ဍကို အစစ်အမှန် စတင်အသက်သွင်းမည် ဖြစ်သည့်အတွက် အသံစနစ်များ ပိုမိုကောင်းမွန်စေရန် လိုအပ်ပါကြောင်း၊ အစိုးရသစ် ရက်(၁၀၀) စီမံကိန်းကာလနှင့် တိုက်ဆိုင်နေသည့်အတွက် အစိုးရနှင့် လွှတ်တော် ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိချိန်တွင် တည်းခိုနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်သင့် ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများ၏ အားသာချက်များကို ထိန်းသိမ်းပြီး ကော်မတီဝင်များ အနေဖြင့် စနစ်တကျ ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူးက ပထမပုံမှန် အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၏ ပေါင်းစပ်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက်ဗဟိုကော်မတီနာယကနှင့်အဖွဲ့သည် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂) သို့ သွားရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလျှင် အခန်းတစ်ခန်း စီစဉ်ဆောင်ရွက်ထားရှိမှု၊အစားအသောက်များ ချက်ပြုတ်စားသောက်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ နေ့စဉ်သတင်းများနှင့် ဗဟုသုတများ သိရှိနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် စာဖတ်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်က ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၁

ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးမြို့တော်ဝန်တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတစ်ခုလုံးကို လွှမ်းခြုံသည့် ဒီဂျစ်တယ်နည်းပညာနှင့် ပတ်သက်သော Conceptual Plan နှင့် Master Plan များ စနစ်တကျ ရေးဆွဲတင်ပြနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊



လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က စီမံကိန်း လုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊ စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာစေရန် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲ ဆောင်ရွက်

❂ စာမျက်နှာ ၂၄ မှ

ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisenနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှား အမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ် General Agus Subiyanto နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုပြည်သူ့တပ်မတော် ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dato Seri Haji Malek Razak bin Sulai Man နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်တပ်မတော်မှ စစ်ဦးစီးချုပ် General Romeo Saturnino Brawner Jr နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Vice Admiral AaronBeng Yao Cheng နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukirs Boontanondha နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ တီမောလက်စ်တေ တပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Domingos Raul နှင့်ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ် ပြည်သူ့တပ်မတော်ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ် General Nguyen TanCuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော် စစ်ဦးစီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (23rd AMIM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော် (ကြည်း၊ ရေ၊ လေ) ထောက်လှမ်းရေးအရာရှိချုပ် Major General Benedict D.Balaba နှင့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (16th AMOM) ဥက္ကဋ္ဌဖြစ်သူ ဖိလစ်ပိုင်တပ်မတော်(ကြည်း၊ရေ၊လေ)စစ်ဆင်ရေးအရာရှိချုပ် Major General Elmer B Suderio တို့က အစည်းအဝေးများကျင်းပခဲ့မှု အစီရင်ခံစာရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက **"မိမိတို့၏ အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)"** ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအကွာရာစဉ်အလိုက် အလှည့်ကျ ဆွေးနွေးကြသည်။



တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်စဉ်။

မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဆွေးနွေးရာတွင် မိမိတို့အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ခိုင်မာသည့်အခြေခံစည်းမျဉ်းများနှင့်ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့်အဖွဲ့တစ်ခုဖြစ်ပြီး မိမိတို့အာဆီယံတပ်မတော်များသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်တိုးတက်စေရန် အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ယခုနှစ်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် **"မိမိတို့၏အနာဂတ် လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)"**သည် မိမိတို့အာဆီယံတပ်မတော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများနှင့် လွန်စွာကိုက်ညီမှုရှိသည့်အမြင်မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ခုလည်း ဖြစ်သည်ကိုတွေ့ရှိရပြီး အာဆီယံ၏အဓိကရည်မှန်းချက်နှင့်လုပ်ဆောင်ချက်များကို တွန်းအားပေးမီးမောင်းထိုးပြလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအား လွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေးစသည့် အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိကြောင်းကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အင်အားကြီး နိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးမှုမှသည် စစ်ရေးအရ လွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လာသည်အထိ အပြိုင်ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြကြောင်း။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးခရီးလမ်း ခိုင်မာစေရန် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် အခြေခံအုတ်မြစ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုံခြုံမှုပတ်ဝန်းကျင်အပေါ် မူတည်လျက်ရှိသဖြင့် အနာဂတ်တွင် ဒေသတွင်းတည်ငြိမ်မှုခိုင်မာ အားကောင်းလာစေရန်နှင့် နက်နဲရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အတူလက်တွဲကျော်လွှားတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော **"မိမိတို့၏အနာဂတ် လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)"**နှင့်အညီ အနာဂတ်ကာလတွင် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလိုကြောင်း။

ထို့အတူ အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ (၂)နှစ် လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၂၈) Two Years Activity Work Plan (2026-2028) အား အတည်ပြုခြင်း၊ 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ၏ ပူးတွဲ ထုတ်ပြန်ကြေညာချက် Joint Statement အား အတည်ပြုခြင်းများကို ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုလက်မှတ်ရေးထိုးကြကာ တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် 23rd ASEAN Chiefs of Defence Forces Meeting (23rd ACDFM) ဥက္ကဋ္ဌ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က လွှဲပြောင်းပေးအပ်မှုမိန့်ခွန်း ပြောကြားပြီး 24th ASEAN Chiefs of Defence Forces Meeting(24th ACDFM) ဥက္ကဋ္ဌကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏အလံ (ASEAN Flag)ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှဲပြောင်းလက်ခံမှု မိန့်ခွန်းပြောကြားပြီး ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်က နှုတ်ခွန်းဆက်အပိတ်မိန့်ခွန်းပြောကြားကာ အစည်းအဝေး အောင်မြင်စွာပြီးစီးခဲ့သည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၆) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (16th ASEAN Military Operations Meeting -16th AMOM)ကို မေလ ၁၉ ရက်နေ့တွင်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း၊ တတိယအကြိမ် အာဆီယံစစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်း ခေါင်းဆောင်များညီလာခံ (AMICLC-3)နှင့် (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (23rd ASEAN Military Intelligence Meeting - 23rd AMIM) များကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ရာ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကလည်းကောင်း Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- ❍ **မိမိတို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီဆက်လက်ဖော်ဆောင်သွားမည်ကို ထပ်လောင်းပြောကြားလို**
- ❍ **အနာဂတ်ကာလတွင် မိမိတို့အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲ၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလို**

၁ ရှေ့ဖုံးမှ

ထိုသို့တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မေ ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်လွှတ်ခဲ့ပြီးဖြစ်သည်။

### ဂုဏ်ပြုကြိုဆို

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဖြင့် ပြန်လည်ဆုံဆည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် ပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများ ဆောင်ရွက်ကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုကြစဉ်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံဆည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင်လည်း တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့်အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်)အလားတူရာထူးအတိုင်းပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်၍ တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝ သက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၂၄ မှ

စွန့်ခွာခဲ့ရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်သို့ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်ကာ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ပြန်လည်ဖော်ဆောင်ပေးနိုင်ရေး၊ စားသောက်နေထိုင်မှု အဆင်ပြေစေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိသည်။



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ ထွက်ခွာစဉ်။



ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများ ဟားခါးမြို့သို့ ရောက်ရှိစဉ်။

တပ်မတော်သည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ် ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ဟားခါး- ဖလမ်း- တီးတိန်- တွန်းဇံ -ကျီးခါး လမ်းကြောင်းနှင့် ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး လမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ဖလမ်းမြို့သို့ ပြန်လည် ဝင်ရောက်နေထိုင်လျက်ရှိပြီး ၎င်းတို့အတွက် လိုအပ်သည့် အခြေခံ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ မြို့ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကူညီထောက်ပံ့ရေးပစ္စည်းများ ပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် မေ ၂၀ ရက်တွင် ဖလမ်းမြို့သို့ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ကူညီထောက်ပံ့ရေး ပစ္စည်းများ ပါဝင်သည့် မော်တော်ယာဉ်များနှင့် မော်တော် ဆိုင် ကယ် များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အတူ ယနေ့တွင် ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ဟားခါးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဟားခါးမြို့သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိကြရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး ဆက်သွယ်ရေး လမ်းကြောင်းအား ယာယီစိုးမိုး ပိတ်ဆို့ထားစဉ် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ဟားခါးမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်များ ရှားပါးလာခြင်း၊ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများဖြစ်ပေါ်ပြီး ဈေးနှုန်းများကြီးမြင့်လာခြင်း၊ ဆေးဝါး၊ ဆေးရုံသုံးပစ္စည်းများ ပို့ဆောင်ရခက်ခဲခြင်းကြောင့် ဟားခါးမြို့ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍတွင် အခက်အခဲများဖြစ်ပေါ်လာခြင်းနှင့် ဒေသထုတ်ကုန်များ တင်ပို့ရောင်းဝယ်နိုင်ခြင်းမရှိတော့သဖြင့် ဒေသစီးပွားရေးကျဆင်းခြင်းတို့ကို ပြည်သူများအနေဖြင့် ခါးစည်းခံခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့်အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ကလေး- သိုင်းငင်း- ဖလမ်း- ဟားခါး လမ်းကြောင်းတစ်လျှောက်တွင်လည်း ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ပညာရည်မြင့်မားရေးများကို အစဉ်တစိုက် ဖော်ဆောင်ပေးလျက် ရှိပြီး တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့မနား၊ ညမအား ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုတို့၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် သိမြင်ခံစားတန်ဖိုးထားတတ်လာပြီး ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများမှာလည်း ပုံမှန်အတိုင်း ပြန်လည် လည်ပတ်တော့မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၃၁ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၂ ဦး၊ B.Tech ဘွဲ့ ၁၃၅ ဦး၊ AGTI ဒီပလိုမာ ၁၁၂၃ ဦး စုစုပေါင်း ၃၅၄၁ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၇ ဦး၊ M.Res ဘွဲ့ ၅၅ ဦး၊ Ph.D ဘွဲ့ ၁၇ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ဘွဲ့ ၄၅၂ ဦး ရှိလာသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဝိဇ္ဇာဘာသာနှင့် သိပ္ပံဘာသာထူးချွန်ဆုရကျောင်းသားများအား ထူးချွန်ဆုများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် အဆိုပါဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ကောလိပ် မိုးလုံလေလုံအားကစားရုံ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ အိပ်ဆောင်များနှင့် သုံးထပ် ကျောင်းသူအိပ်ဆောင်



တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ယန္တရားကြီးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သုတေသနစခန်းအမှတ်(၅) မိုးဆွေ၊ သစ်တောစိုက်ခင်းများနှင့် ငလိုက်စခန်းသာ ဆင်စခန်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် သုတေသနစခန်း အမှတ်(၅) မိုးဆွေသို့ ရောက်ရှိရာ သစ်တောသုတေသန ဌာနခွဲညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သုတေသနစခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပြီး လုပ်ငန်း



အတွက် အထောက်အကူပြုစေရေး၊ အကျိုးဖြစ်ထွန်းစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲများအတွက် ပျိုးပင်များ အဆင်သင့်ဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်-တောင်တွင်းကြီး လမ်းဘေးရှိ ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက် ၁၀ ဧကနှင့် ကျွန်းအနက်စင်း စမ်းသပ်ကွက် ခြောက်ဧက၊ နေပြည်တော်-မန္တလေး အမြန်လမ်းဘေးရှိ ဝါးမျိုးစုံ စိုက်ခင်း ၁၅ ဧကနှင့် အမြန်လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မစိုက်ခင်း ငါးဧကအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက်မှရရှိလာသည့် အပင်ကြီးထွားနှုန်း၊ အရည်အသွေးကွာခြားမှုနှုန်းများကို သိပ္ပံနည်းကျ တိုင်းတာမှတ်တမ်းထားရှိနိုင်ရန်နှင့် ကျွန်းအနက်စင်း စမ်းသပ်ကွက်မှ ကောင်းမွန်ပြီး ရောဂါကင်းစင်သော အပင်များကို မှတ်တမ်းထားပြီး မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် မိခင်ပင် (plus tree) အဖြစ် သတ်မှတ်ထိန်းသိမ်းရန်၊ ဝါးကို စနစ်တကျစိုက်ပျိုးပြုစု ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလိုက်စခန်းသာဆင်စခန်းသို့ ရောက်ရှိရာ ဆင်စခန်းတာဝန်ခံက ဆင်စခန်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေ၍ ဆင်စခန်းအား ပိုမိုသာယာလှပအောင် ဆောင်ရွက်သွားရန်နှင့် ဆင်များဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်သွားရန်မှာကြားကာ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကျင်းပ

မန္တလေး မေ ၂၁

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးအောင်သင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်မြင့်မောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားလူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ အားကစားလူငယ်များ၊ ပရဟိတလူငယ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ဆည်မြို့မှ တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အလွှာပေါင်းစုံမှ လူငယ်များက သိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၆ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ မေလ (၃၁)ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

စာအုပ်စာပေ ၊ လူ့မိတ်ဆွေ ။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၆၆လမ်းနှင့် ၂၆လမ်း ကျုံးထောင့်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။





အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့တို့မှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။



၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းအပ်နှံရေး သီတင်းပတ်ကာလ မေ ၂၅ ရက်မှ စတင်၍ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေး ဝန်ကြီးဌာနမှ ကျောင်းအပ်နှံသည့် ကလေးများအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်တို့ကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများပါ အခမဲ့ဖြန့်ဝေပေးသွား မည်ဖြစ်ကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းနေရန်အခက်အခဲရှိပါကနီးစပ်ရာကျောင်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်း မန္တလေးမြို့တွင်းရှိ ရှေ့ပြေးဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ် ဥပဒေရုံးများတွင် ဖွင့်လှစ်ထားသည့် ရှေ့ပြေးဥပဒေရုံးများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဥပဒေချုပ် ဦးလှသိန်းသည် ယနေ့နေ့လယ်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က နေပြည်တော်ကောင်စီနယ်မြေတွင် ရှေ့ပြေးဥပဒေရုံးတိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရှေ့ပြေးဥပဒေရုံး(၁၁)ရုံးဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ရှေ့ပြေးဥပဒေရုံးများအနေဖြင့် နစ်နာသူနှင့် သက်သေများကို တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်များကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေခရိုင် ဥပဒေရုံး၊ အောင်မြေသာစံခရိုင် ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ် ဥပဒေရုံး၊ တရားလွှတ်တော်ရှေ့နေများကောင်စီရုံးခွဲ(မန္တလေး)များကိုလည်း ကြည့်ရှုစစ်ဆေးပြီး ဥပဒေအရာရှိများနှင့်ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀



# မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)ပထမအကြိမ် သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၂၁**

မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး) ပထမအကြိမ် သီချင်းဆိုပြိုင်ပွဲကျင်းပနိုင်ရန် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ၇၁လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြား၊ Liquid စားသောက်ဆိုင်တွင် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီး နာယက ဦးမြတ်စိုးဆွေ၊ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးသော်တာဦး၊ အတွင်းရေးမှူး ဒေါ်နှင်းနှင်းဖြူ၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေး(မန်းမြင့်မိုရ်ဟိန်း)နှင့် တိုင်းအမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ပထမအဆင့် လူရွေးချယ်ပြိုင်ပွဲကို ဇွန် ၁၇ ရက်၊ ဒုတိယအဆင့်ကို ဇွန် ၂၄ ရက်၊ ဖိုင်နယ်ပြိုင်ပွဲကို ဇွန် ၂၇ရက်(မြန်မာဂီတနေ့)အခမ်းအနားနှင့်အတူ နံနက် ၉နာရီတွင် မန်းမြင့်မိုရ်ဟိန်း ဆောက်လုပ်ရေးကုမ္ပဏီ၊ သမ္မတောကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်လမ်းမကြီးတွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် တစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး ၂၆လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်း၊ Palace View ဟိုတယ်တွင် စာရင်းပေးသွင်းနိုင်ပြီး ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု နှစ်ဆု ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပို့ကုန်မြှင့်တင်ရေးနှင့်သက်ဆိုင်သည့် ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း(၁/၂၀၂၆)ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်



**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးတွင် ပထမရက်ပေါင်း(၁၀၀) အတွင်း ဆောင်ရွက်နေသော အစီအမံများထဲမှ တစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ ကုန်သည်လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းရှင်များ ပို့ကုန် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း(၁/၂၀၂၆) ကို မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး (ဟောင်း)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန် သွင်းကုန်ရုံး(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း(MRCCI)တို့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ကုန်သည်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပို့ကုန်(၂)ဆ တိုးမြှင့်တင်ပို့နိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်သည့် တိုင်းဒေသကြီးများက ထွက်ရှိသည့် ပြည်ပဈေးကွက်ဝင် လယ်ယာသီးနှံထွက်ပစ္စည်းများ၊ ဥယျာဉ်ခြံမြေထွက်ထုတ်ကုန်များနှင့် အခြားကုန်ထုတ်လုပ်ငန်းများက ထွက်ရှိသည့် ကုန်ပစ္စည်းများကို နည်းလမ်း မှန်ကန်စွာဖြင့် ပြည်ပသို့ အမြန်တင်ပို့နိုင်ရေး One Stop Services ဖြင့် ဝန်ဆောင်မှုပေးကာ ဆောင်ရွက်နေပါကြောင်း၊ မြစ်ငယ်ရှိ ကုန်းတွင်း ဆိပ်ကမ်း (Dry Port)ကိုအခြေခံပြီး တစ်နေရာတည်းမှနေ ကုန်သွယ်မှု အပြည့်အဝဆောင်ရွက်နိုင်ရန် Mandalay Commercial Complex အစီအမံကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းစဉ်တွင် ပြည်ပပို့ကုန် လုပ်ငန်းရှင်များနှင့် ပို့ကုန်ထုတ်လုပ်သူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်တင်ပို့နိုင်ရေး လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဘာသာရပ်ကို သိရှိနားလည်ထားရန်အတွက် ကုန်သွယ်ရေးနှင့်ဆိုင်သည့် ဘာသာရပ်(၉)ခုကို ရက်တိုသင်တန်းအဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် လုပ်ငန်းရှင်များနှင့် လေ့လာသူများ အားလုံးက Mandalay Commercial Complex တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်သွားကြခြင်းဖြင့် ပို့ကုန်မြှင့်တင်ရေး ကဏ္ဍမြှင့်တင်ရေးတွင် များစွာအထောက် အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (MRCCI)တို့ ပူးပေါင်း ဖွင့်လှစ်ခဲ့သည့် ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း(၁/၂၀၂၆)မှ သင်တန်းသား၊ သင်တန်းသူ ၈၆ ဦးအတွက် သင်တန်းသား တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျောက်ဆည်မြို့ရှိ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပျိုးဥယျာဉ်များ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်သည် ယနေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများရှိ ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးသည် ကျောက်ဆည်မြို့နယ်၊ သစ်တောဦးစီးဌာနမှူးရုံး၊ မြို့မ(အမြဲတမ်း) ပျိုးဥယျာဉ်၌ လူထုဖြန့်ပျိုးပင် (၂၀,၀၀၀)ပင်၊ အထူးပျိုးပင်(၆၄,၀၀၀)ပင်၊ မြို့နယ်အစီအစဉ်ဖြင့် ပျိုးထောင်ထားသော ပျိုးပင်(၈,၉၃၁)ပင်၊ စုစုပေါင်း သစ်မျိုး(၁၃)မျိုး ပျိုးပင်(၉၂,၉၃၁)ပင် ပျိုးထောင်ဆောင်ရွက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ ပျိုးပင်များဖြန့်ဝေရာတွင် အမှန်တကယ် စိုက်ပျိုးလိုသူများ လက်ဝယ်ရောက်ရှိစေရေး ဖြန့်ဝေဆောင်ရွက်ရန်၊ ဖြန့်ဝေပေးခဲ့သည့် ပျိုးပင်များ စိုက်ပျိုးမှုနှင့် ရှင်သန်အောင်မြင်မှုတို့ကို ကွင်းဆင်းစစ် ဆေးဆောင်ရွက်ရန်၊ ပြည်သူများ သစ်တောသစ်ပင် တန်ဖိုးသိရှိ၍ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းမှုများ၌ ပူးပေါင်းပါဝင်လာစေရေး အသိပညာပေးဆောင်ရွက်ရန်၊ မြေအစိုဓာတ်လုံလောက်သည့် အချိန်တွင် စိုက်ပျိုးနိုင်ရေးအတွက် ကျင်းတူးခြင်း၊ မြေဆွေးထည့်ခြင်း လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးသည် မြို့မ(အမြဲတမ်း) ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိသည့် ပျိုးပင်(၄၅,၁၃၃)ပင်၏ ပျိုးထောင်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေး၍ စိုက်ပျိုးသည့်အခါတွင် ပျိုးပင်များ တစ်ပင်စိုက် တစ်ပင်ရှင်သန်မှုရှိစေရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ပျိုးပင်များ ဖြန့်ဝေပြီးစီးပါက ပျိုးလွှတ်များတွင် လာမည့်နှစ်အတွက် ပျိုးပင်များ ထပ်မံပျိုးထောင်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရောက်ရှိပြီး သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေး မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများ ကြည့်ရှု

**မန္တလေး မေ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးခင်မောင်အေးသည် တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများတွင် ဈေးအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုအခြေအနေများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ ၈၄လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ မန်းမြို့ဈေးသို့ ရောက်ရှိလာရာ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသက်နိုင်က မန်းမြို့ဈေးအတွင်း ဆိုင်ခန်းများဖွင့်လှစ်ရောင်းချမှုအခြေအနေ၊ ရက်(၁၀၀) စီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မန်းမြို့ဈေးခန်းမ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ခန်းမပြုပြင်ခြင်းလုပ်ငန်းများအား ကဏ္ဍအလိုက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ဈေးအတွင်း အဝင်၊ အထွက်လမ်းများ စနစ်တကျဖြစ်စေရေး၊ လျှောက်လမ်းများတွင် ပစ္စည်းများစုပုံချထားမှုမဖြစ်စေရေးနှင့် အမှိုက်သိမ်းစနစ်များ၊ သန့်ရှင်းရေးလုပ်ငန်းများအား နေ့စဉ်စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ဈေးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်း ပိုင်ရှင်များ၊ ဈေးဝယ်လာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ရောင်းဝယ်နေမှုအခြေအနေများကို မေးမြန်းခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ရတနာပုံဈေးသို့ ရောက်ရှိကြပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဈေးဆိုင်ခန်းအဆောက်အအုံများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား တွေ့ဆုံပြောကြားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

## ပြင်ဦးလွင်မြို့နယ် အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး



**ပြင်ဦးလွင် မေ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေ ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမွဲတေမှု လျော့ကျစေရန် ရည်ရွယ်၍ အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အုတ်ဖိုကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပင်လိန်ကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင် အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၇၀၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖိုကျေးရွာရှိ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးအား ငွေကျပ် ၇၀၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံက သိရသည်။

(အောင်ရဲကျော်)

၀-၀-၀-၀-၀

## အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ပဏာမ မျက်စိစမ်းသပ် စစ်ဆေးခြင်းသင်တန်း ဖွင့်လှစ်

**ပုဗ္ဗသီရိ မေ ၂၁**

ပုဗ္ဗသီရိမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျောင်းနေရွယ်ကလေးငယ်များအတွက် ပဏာမ မျက်စိစမ်းသပ် စစ်ဆေးခြင်းသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲက ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေးက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သိမ့်သိမ့်ထွေးနှင့် မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်မိုးမိုးခိုင်တို့က ကလေးများ၏ မျက်စိအမြင်အားနည်းမှုတွင် အတွေ့ရအများဆုံး အကြောင်းရင်းများ၊ အခြေခံပညာကျောင်းများတွင် ကလေးများ၏ မျက်စိအမြင်နှုန်းစစ်ဆေးပုံ၊ ပုံမှန်ကောင်းသော မျက်စိအခြေအနေနှင့် ရောဂါဖြစ်နေသော မျက်စိ၏ ထူးခြားချက်များ၊ မျက်စိအမြင်အားနည်းနေသော သို့မဟုတ် မျက်စိရောဂါ တွေ့ရှိရသော ကလေးများအား မည်သို့ ဆက်လက်ညွှန်းပို့ရမည့် အကြောင်းအရာများအား သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ကျောင်းနေအရွယ်ကလေးများကို ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် အထူးအရေးပါသော လုပ်ငန်းဖြစ်ပြီး ကလေးငယ်များ၏ သင်ကြားသင်ယူမှုများအနက် ရှစ်ဆယ်ရာခိုင်နှုန်းနီးပါးသည် အမြင်အာရုံကို အခြေခံရသဖြင့် ကျောင်းနေအရွယ် ကလေးများ၏ အမြင်အာရုံ အားနည်းချက် ရှိ၊ မရှိ စစ်ဆေးပေးခြင်းကြောင့် အားနည်းချက်ရှိလျှင် စောစီးစွာ သိရှိနိုင်မည် ဖြစ်ပြီး ကုသမှုကို အချိန်မီ ခံယူနိုင်မည်ဖြစ်ကာ ကလေးများ၏ ပညာရေးတိုးတက်မှု၊ လူမှုရေးနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုတို့ကို များစွာအထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ကာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) အောင်ကို(ပြန်/ဆက်)



## အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**ပျော်ဘွယ် မေ ၂၁**

ပျော်ဘွယ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လစာများ လာရောက်ထုတ်ယူနေကြသည့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးကုသပေးခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့ နံနက် ၈ နာရီက အခမဲ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။



ကွင်းဆင်းကုသဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့အောင်နှင့် ဝန်ထမ်းများက ရောဂါဖြစ်ပွားမှုစာရင်း ကောက်ယူခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ရောဂါဖြစ်ပွားမှုအပေါ် မူတည်၍ လိုအပ်သော အကြံဉာဏ်များ ပေးခြင်း၊ ဆေးဝါးများပေးခြင်းနှင့် ကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၈၂ ဦးအား ကုသပေးနိုင်ခဲ့ပြီး စစ်ဆေးမှုထပ်မံပြုလုပ်ရန် လိုအပ်သည့် လွှဲပို့လူနာ သုံးဦးအား ပြည်သူ့ဆေးရုံသို့ ညွှန်းပို့ဆောင်ရွက်ပေးခဲ့ကြသည်။

အငြိမ်းစားဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆေးကုသနေမှုကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ ဘဏ်ခွဲဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးနှင့် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုအား မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန် လုံခြုံရေးပူးပေါင်းအဖွဲ့များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၄၅၀၀ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲခန့်တွင် အဆိုပါကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၅၀၀ခန့် အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၃၀ ၊ အမျိုးသမီး တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့အား ဖုန်းမျိုးစုံ ၁၁ လုံးဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ငါးဦး၊ Star Link တစ်လုံး၊ ဖုန်းမျိုးစုံ ၂၆ လုံးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့်နေရာများပြပုံ။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား တွေ့ရစဉ်။



တရုတ်နိုင်ငံသား အမျိုးသား ၂၀ နှင့်အတူ သိမ်းဆည်းရမိ စတားလင့်တစ်လုံးနှင့် ဖုန်း ၁၅ လုံး အား တွေ့ရစဉ်။



မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးအား တွေ့ရစဉ်။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ စားသောက်ဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၌ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်ကို အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မေ ၁၈ ရက် နံနက် ၁၀ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဗိမာန်စာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်သူလူထုအနေဖြင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေး၊ လုံခြုံစိတ်ချရမှုရှိစေရေး၊ မီးဘေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲရေး၊ မီးခိုတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များနှင့် မီးသတ်ဆေးဘူးများ စနစ်တကျ ထားရှိရေး၊ ရေလှောင်ကန်၊ ရေစုကန်များရေဖြည့်ထားရှိရေး၊ မီးသတ်ရေပိုက်လိုင်းများ၊ မော်တာများကြံ့ခိုင်မှု ရှိ၊မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်၍ လိုအပ်သည်များ မှာကြားဆွေးနွေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ကြခဲ့သည်။

အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ရက်(၁၀၀)စီမံချက် ကာလအတွင်း ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခဲပုံ)(၀၉၃)

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ပျော်ဘွယ် မေ ၂၁**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၁၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မေစောမွန်က ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှုမြင့်တင်ရေး အသိပညာပေး စာအုပ်၊စာစောင်များကို တက်ရောက်လာသည့် ပြည်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

☆ စာမျက်နှာ ၂၄ မှ

ဘောလုံးရာသီတွင် ပြိုင်ပွဲများတွင် ဒိုင်လူကြီးများအနေဖြင့် ဘောလုံး ဥပဒေသများအား တိကျမှန်ကန်စွာ အသုံးပြုဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ ထို့အတူ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ်ကလည်း ဒိုင်ဌာနနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒိုင်လူကြီးများအနေဖြင့် ပြိုင်ပွဲများတွင် ယုံကြည်မှုရှိရှိဖြင့် အကောင်းဆုံးဆောင်ရွက်ကြရန်၊ ပွဲရလဒ်ညှိနှိုင်းကစားခြင်းနှင့်ပတ်သက်သည့် မည်သည့် ချဉ်းကပ်မှုမျိုးကိုမဆို ပြိုင်ပွဲကျင်းပရေးမှ သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်း၌ မကြာမီ စတင်ကျင်းပမည့် MNL U20 League 2026 ပြိုင်ပွဲဝင်ကလပ်အသင်းများမှ အုပ်ချုပ်/နည်းပြနှင့် ကစားသမားကို ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်နှင့် AFC Referee Instructor ဒေါ်သိန်းသိန်းအေးတို့က လက်ရှိကျင့်သုံးနေသည့် ဘောလုံးဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အလားတူ လာမည့်ဘောလုံးရာသီတွင် ပြိုင်ပွဲ၊ ပွဲစဉ်တလျှောက် ကြံ့ခိုင်မှုအပြည့်ဖြင့် ဆောင်ရွက်နိုင်ရေး တစ်ဦးချင်း၊ အဖွဲ့လိုက် လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်လျက်ရှိကြပြီး မေလ(၁၄၊ ၁၅၊ ၁၉)ရက်နေ့တို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများ၏ ကြံ့ခိုင်မှုပြည့်မီခြင်း ရှိမရှိကို ဒိုင်ဌာနမှ ကြပ်မတ်စစ်ဆေးခဲ့သည်။

(NGB)




## ဖရက်ဒရစ်ဂီလ်ဘတ် နန့်တက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**ပါရီ မေ ၂၁**

နန့်တက်စ်အသင်းသည် အသင်းနောက်ခံကစားသမား ဖရက်ဒရစ်ဂီလ်ဘတ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နန့်တက်စ်အသင်းနှင့် အတူ ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ပြီး၊ ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက အလျင်အမြန် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဖရက်ဒရစ်ဂီလ်ဘတ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ရူဘင်အမော်ရင်ကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဘင်ဖီကာအသင်းစီစဉ်



**လန်ဒန် မေ ၂၁**

ဘင်ဖီကာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရူဘင်အမော်ရင်ကို ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၄၁)နှစ် အရွယ်ရှိ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် စပို့တင်းလစ္စဘွန်း၊ ဘရာဂါ၊ မန်ယူစသည့် အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘင်ဖီကာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ရူဘင်အမော်ရင် ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဘင်ဖီကာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြရူဘင် အမော်ရင်အား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘင်ဖီကာအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Ugo Humbert တက်ရောက်

**ဟမ်းဘတ် မေ ၂၁**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert သည် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Karen Khachanov အား ၆-၃၊ ၃-၆၊ ၇-၆ ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert နှင့် ပီရူးတင်းနစ်ကစားသမား Ignacio Buse တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ချန်ပီယံဆုအား အက်စတွန်ဗီလာအသင်း ဆွတ်ခူး

**လန်ဒန် မေ ၂၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ချန်ပီယံဆုကို အက်စတွန်ဗီလာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ယူရိုပါလိဂ် ဗိုလ်လုပွဲအဆင့်တွင် ဖရိုင်းဘတ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၄၄ နှစ် အကြာတွင်မှ ဥရောပဆုဖလားကို ရယူနိုင်ခဲ့သည်။ (အပေါ်ပုံ)

အက်စတွန်ဗီလာအသင်း၏ ထုတ်ပြန်ချက်တွင် "ယူရိုပါလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆုရရှိအောင် အစွမ်းကုန် ကြိုးစားပေးခဲ့တဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။ (NGB)

## ကိုနစ်ဒေါ့ဖာကို မိန့်ဇ်အသင်း ခေါ်ယူ

**မြူးနစ် မေ ၂၁**

မိန့်ဇ်အသင်းသည် ဟမ်းဘတ်အသင်း တောင်ပံကစားသမား ကိုနစ်ဒေါ့ဖာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ



တောင်ပံကစားသမားသည် ဟမ်းဘတ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၇ ပွဲ ကစားပြီး ၃၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိန့်ဇ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မိန့်ဇ်အသင်း၏ ထုတ်ပြန်ချက်တွင် "ကိုနစ်ဒေါ့ဖာကို ခေါ်ယူနိုင်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နွေရာသီဈေးကွက်အတွင်း ကစားသမားသစ်တွေ ဆက်လက်ခေါ်ယူအားဖြည့်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## အဖ္ဗဒူလ်ဖာတာဂူကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် မေ ၂၁**

အဲဗာတန်အသင်းသည် လိဂ်ဝမ်းသို့တန်းဆင်းသွားသည့် လက်စတာစီးတီးအသင်း တောင်ပံကစားသမား အဖ္ဗဒူလ်ဖာတာဂူကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်စတာစီးတီးအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား အဖ္ဗဒူလ်ဖာတာဂူကိုယ်တိုင်ကလည်း လက်စတာစီးတီးအသင်းမှ ထွက်ခွာလိုလျက်ရှိနေသည်။

ထို့ကြောင့် အဲဗာတန်အသင်း အနေဖြင့် နွေရာသီဈေးကွက် အတွင်းတွင် လက်စတာစီးတီးအသင်းထံမှ အဖ္ဗဒူလ်ဖာတာဂူကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (အပေါ်ပုံ) (NGB)




## အယ်လ်ဖွန်ဆိုပီဒရာဇာ ဗီလာရီးရဲလ်အသင်းမှ ထွက်ခွာမည်

**မက်ဒရစ် မေ ၂၁**

ဗီလာရီးရဲလ်အသင်း နောက်ခံကစားသမား အယ်လ်ဖွန်ဆိုပီဒရာဇာ ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အယ်လ်ဖွန်ဆိုပီဒရာဇာသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် နောက်ခံကစားသမား အယ်လ်ဖွန်ဆိုပီဒရာဇာ အနေဖြင့် ဗီလာရီးရဲလ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)




## နည်းပြ မော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ရီးရဲလ်မက်ဒရစ်အသင်း သဘောတူညီမှုရရှိ

**မက်ဒရစ် မေ ၂၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် နည်းပြ မော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ကြိုတင်သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။



အဆိုပါ နည်းပြသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လာရောက် ပူးပေါင်းသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ မော်ရင်ဟိုသည် ရီးရဲလ်မက်ဒရစ်အသင်းအား ၂၀၁၀ ပြည့်နှစ်၊ မေ ၃၁ ရက်မှ ၂၀၁၃ ခုနှစ်၊ ဇွန် ၁ရက်အထိ ကိုင်တွယ်ခဲ့ဖူးပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ကိုင်တွယ်သွားမည် ဖြစ်သည်။

ထို့ကြောင့် နည်းပြ မော်ရင်ဟိုအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
| --- | --- | --- |
| ၂၃-၅-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁၅)ဖီအိုရင်တီးနား - အတ္တလန္တာ(၇)<br>(D,D,L,D,W) (L,L,D,W,L) | ဖီအိုရင်တီးနား ၁-၀ အတ္တလန္တာ<br>အတ္တလန္တာ ၃-၂ ဖီအိုရင်တီးနား |

### ပြင်သစ်ဖလားဗိုလ်လုပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
| --- | --- | --- |
| ၂၃-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | လန်းစ် - နိစ် | လန်းစ် ၂-၀ နိစ်<br>နိစ် ၁-၁ လန်းစ် |



## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI) က ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်းအတွက် ထောက်ပံ့ငွေပေးအပ်

**မန္တလေး မေ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှု၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MR-CCI)တို့ ပူးပေါင်း၍ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း (၁/၂၀၂၆)ကို မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးမှ ကုန်သည်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

အဆိုပါ သင်တန်းသို့ ကုန်သည်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ သင်တန်းသား၊ သင်တန်းသူ ၈၀ ဦး တက်ရောက်ခဲ့ကြပြီး ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စားသုံးသူ ကာကွယ်ရေးအကြောင်း သိကောင်းစရာများ၊ မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဆောင်ရွက်မှုအခြေအနေ၊ အခွန်အကြောင်း သိကောင်းစရာ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းအကြောင်း သိကောင်းစရာများ ပို့ချပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း(MRCCI)မှ ဥက္ကဋ္ဌ ဦးတင်လတ်၊ အတွင်းရေးမှူး ဦးကျော်စိုးနိုင်နှင့် တာဝန်ရှိသူများက သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို မေ ၁၉ ရက်က ပေးအပ်ခဲ့ရာ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တာဝန်ခံ ညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

*-*-*-*

*-*-*-*-*-*

## မြန်မာ့ခြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့လက်ဖက်နှင့် ထမနဲပြပွဲ ကျင်းပ

**မန္တလေး မေ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ လမ်း၈၀၊ ၂၄လမ်းနှင့် ၂၅လမ်းကြား မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်ရှိ စာကြည့်တိုက်တွင် မေ ၁၈ရက် နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့အား ဂုဏ်ပြုသောအားဖြင့် လူသားမျိုးနွယ်ကိုယ်စားပြု မြန်မာ့ခြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့လက်ဖက်နှင့် ထမနဲပြပွဲ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေး၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ဌာနစိတ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသောင်းနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ (၁၉)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ နန်းတော်ရှေ့အသင်း၊ ဌာနီအရှေ့ လူမှုကူညီရေးအသင်းအဖွဲ့နှင့် စာပေဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၆၀ ဦး တက်ရောက်ကြပြီး ပြတိုက်အတွင်း၌ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ဌာနစိတ် လက်ထောက်ညွှန်ကြားရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ပြတိုက်အတွင်းသို့ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ပြတိုက်အတွင်း၌ ဒေါ်ရှိထမနဲနှင့် အရိုးတောင်း လက်ဖက်များလည်း ခင်းကျင်းပြသထားကြောင်း သိရသည်။

(အောက်ပုံ)(ဝ၉၃)




## သီးနှံ(၁၄)မျိုး စိုက်ကေများ မှန်ကန်စေရေး စိစစ်ရေးကော်မတီနှင့် တောင်သူများတွေ့ဆုံ

**မန္တလေး မေ ၂၁**

အမရပူရမြို့နယ်တွင် သီးနှံ(၁၄)မျိုး စိုက်ဧကများမှန်ကန်စေရေး စိစစ်ရေးကော်မတီနှင့် နွေစပါးစိုက်တောင်သူများ၊ နွေနှမ်းသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများသို့ အမရပူရမြို့နယ်တွင် သီးနှံ(၁၄)မျိုး စိုက်ဧကများမှန်ကန်စေရေး စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များဖြစ်သော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

နွေနှမ်းသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံပွဲကို အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး နွေနှမ်းသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေ၊ စိုက်ဧကပြည့်မီမှန်ကန်စေရေး၊ ပန်းတိုင်လျာထားချက်ပြည့်မီစေရေး၊ သီးနှံအထွက်တိုးစေရေးတို့အတွက် တောင်သူများနှင့် ဆွေးနွေးခဲ့ကြရာ တောင်သူများ၏ ဆွေးနွေးတင်ပြလာသည့် လိုအပ်ချက်များအား ပြန်လည်ဆွေးနွေးပေးခဲ့ပြီး တောတွင်ကျေးရွာရှိ နွေနှမ်းသီးနှံစိုက်တောင်သူများ၏ စိုက်ဧကများအား လိုက်လံကြည့်ရှု၍ လျာထားဧကများနှင့် စိုက်ဧကများ မှန်ကန်မှု ရှိ၊ မရှိ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ကွင်းတာဝန်ခံများက တိုက်ဆိုင်စစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျီရွာကျေးရွာ၊ ၅၇၀-ခ ဂျီရွာကွင်း ဧက ၁၅၀ စံပြစိုက်ခင်း ရှင်းလင်းဆောင်တွင် အမရပူရမြို့နယ် သီးနှံ(၁၄)မျိုး စိုက်ဧကများ မှန်ကန်စေရေးစိစစ်ရေးကော်မတီနှင့် တောင်သူများ တွေ့ဆုံပွဲကျင်းပခဲ့ပြီး နွေစပါးသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ နွေနှမ်းသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် စိုက်ဧက ပြည့်မီမှန်ကန်စေရေး၊ ပန်းတိုင်လျာထားချက်ပြည့်မီစေရေး၊ သီးနှံအထွက်တိုးစေရေးတို့အတွက် တောင်သူများနှင့်ရင်းနှီးစွာဆွေးနွေးခဲ့ကြရာ တောင်သူများက နွေစပါး၊ နွေနှမ်းစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ လိုအပ်ချက်များ ဆွေးနွေးတင်ပြခဲ့မှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ပြီး နွေစပါးသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း Pilot Project အဖြစ် ခရိုင်လေးခု၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ငွေသားနှင့် Kpay တစ်ဝက်စီဖြင့် စတင်ထုတ်ချေးမည်

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများထံသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ လျင်လျင်မြန်မြန်နှင့် ထိရောက်စွာ ရောက်ရှိစေရန်အတွက် Quick Win အစီအစဉ်တစ်ရပ်အနေဖြင့် ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်သင်းခရိုင် စသည့် ခရိုင်ဘဏ်ခွဲ လေးခုတွင် စမ်းသပ်စီမံချက် (Pilot Project)စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ခရိုင်များ၌ ချေးငွေထုတ်ချေးရာတွင် ငွေသား ၅၀ ရာခိုင်နှုန်းနှင့် Kpay စနစ်ဖြင့် ၅၀ ရာခိုင်နှုန်း စတင်ထုတ်ချေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဘဏ်ခွဲ)မှ သိရသည်။

ထိုသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို အာမခံအဖြစ် စနစ်တကျ စိစစ်ထားရှိရမည်ဖြစ်ပြီး မိမိတို့ဒေသအတွင်းရှိ အမှန်တကယ်စိုက်ပျိုးသည့် လုပ်ကွက်ငယ်တောင်သူများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အနည်းဆုံး လယ်ယာမြေတစ်ဧကမှ အများဆုံး ဆယ်ဧကအထိ ချေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ချေးပေးသည့် စိုက်ပျိုးစရိတ် ချေးငွေများနှင့် ပတ်သက်၍ အတိုးနှုန်းသတ်မှတ်ချက်အနေဖြင့် တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့်သာ လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ပြီး တောင်သူများအနေဖြင့် မိမိတို့ရယူထားသော ချေးငွေများကို စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးစီးမည့် ကာလအလိုက် လာမည့် ၂၀၂၇ ခုနှစ်၊ ဧပြီလကုန်တွင် နောက်ဆုံးထား၍ အပြည့်အဝ ပြေကြေအောင် ပြန်လည်ပေးဆပ်ရမည့် သတ်မှတ်ကာလကိုလည်း ထည့်သွင်းစီမံထားရှိသည်။

ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးရာ၌ ၂၀၂၅ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေများကို အကြေအလည် ပေးချေထားသည့် တောင်သူများကို ဦးစားပေးအဆင့်အနေဖြင့် အမြန်ဆုံးထုတ်ချေးပေးသွားမည်ဖြစ်ပြီး ၄င်းအပြင် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ချေးငွေရယူခဲ့ခြင်းမရှိသူများနှင့် ချေးငွေဟောင်းများ အားလုံးပြေကြေပြီးသူများကိုလည်း ရက်(၁၀၀)စီမံချက်ကာလအတွင်း၌ပင် ကျန်ရှိမှုမရှိစေဘဲ ဆက်လက်ထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် ယခုထုတ်ချေးပေးမည့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းများကဲ့သို့ပင် ဒေသတွင်း သီးထပ်သီးနှံများနှင့် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း စိုက်ပျိုးကာလအမီ အစဉ်တစိုက် ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

ယခုကဲ့သို့ စမ်းသပ်စီမံချက်များဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို နည်းလမ်းတကျ တိုးမြှင့်ထုတ်ချေးပေးခြင်းသည် နိုင်ငံသားများအတွက် အဓိကကျသော စားနပ်ရိက္ခာဖူလုံမှုကိုရရှိစေရန်၊ မြန်မာ့လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရေရှည်ယှဉ်ပြိုင်တင်ပို့နိုင်ရန်နှင့် ကျေးလက်ဒေသရှိ တောင်သူလယ်သမားများ၏လူမှုစီးပွားဘဝ အဆင့်အတန်းများ ဘက်စုံတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

*-*-*-*-*-*



## ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်



**မကွေး မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သားစဉ်မြေးဆက် တရားဝင်မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများရရှိခံစားနိုင်စေရန် ရည်ရွယ်၍ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မကွေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့နယ်၊ ကန်ပြား (အရှေ့) ကျေးရွာသို့ ကွင်းဆင်းကာဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မကွေးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်များ ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များအပေါ် ပြည်သူများပူးပေါင်းပါဝင်ရမည့်အချက်များကို အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်က မြေငှားဂရန်ထုတ်ပေးရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် မြေပုံရေးကူးဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ယခုစီမံချက်အရ ကန်ပြား(အရှေ့)ကျေးရွာရှိ ကျေးရွာမြေ ၈၃ ဧကပေါ်တွင် အခြေစိုက်နေထိုင်သော အိမ်ထောင်စု ၅၅၅ စုအားကျေးရွာမြေငှားဂရန် တရားဝင်ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးမည့် မကွေးမြို့နယ် ကန်ပြား(အရှေ့)ကျေးရွာအတွင်းရှိ မြေနေရာများသို့ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

## ဖွံ့ဖြိုးတိုးတက်ရေးဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**စဉ့်ကူး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် စဉ့်ကူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်က ပြန်လည်ထူထောင်ရေးကာလဖြစ်သည့်အတွက် စဉ့်ကူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့တတ်နိုင်သည့် ကဏ္ဍမှ ပူးပေါင်းပါဝင်ပေးကြရန်၊ မိမိတို့မြို့အား ပူးပေါင်းထိန်းသိမ်းကာကွယ်ကြရန်၊ မကြာမီကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းသန့်ရှင်းသာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် မြို့တွင်းသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းလုပ်ဆောင်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက စဉ့်ကူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပြန်လည်တင်ပြကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များအား တင်ပြခဲ့ကြရာ စစ်ဗျူဟာမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်နှင့် တာဝန်ရှိသူများ၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ တက်ရောက်ခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများအား စစ်ဗျူဟာမှူးက ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

တင်စာလွင်(ပြန်ဆက်)

*-*-*-*-*-*

## ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင် ၇ ဆိုင်မှ စားအုန်းဆီ ပိဿာ ၆၀၀၀ ရောင်းချပေး

**ကျောက်ဆည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင် ၇ ဆိုင်မှ ရည်ညွှန်းဈေးတစ်ပိဿာ ငွေကျပ် ၈၆၇၀ ဖြင့် စားအုန်းဆီ ပိဿာ ၆၀၀၀ အား ရပ်ကွက် ၃ ရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာအား မေ ၁၅ရက်မှ မေ ၁၉ ရက်အထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်း အသင်းဝင် စားသုံးဆီ လက်လီ၊ လက်ကားအရောင်းဆိုင်များဖြစ်သည့် ဒေါ်သဇင်အောင်(နေလသုခ)၊ ဒေါ်စန်းစန်းငွေ(နေလသုခ-၂)၊ ဦးတင်လင်းအောင်(အမေထွား)၊ ဒေါ်သက်သက်မွန်(အနန္တဂုဏ်)၊ ဒေါ်ကေဇာခိုင်(ဗိုလ်တစ်ထောင်)၊ ဒေါ်သီတာ (စစ်ငြိမ်း)၊ ဦးနန်းဦး (နဒီဇရာ) ဆီအရောင်းဆိုင်မှ ကျောက်ဆည်မြို့ အေးမြကြည်လင်၊ မင်းရပ်၊ ဈေးတန်းရပ်ကွက်များနှင့် ၄က်ကတောင်၊ ကျောက်ဖျာ၊ အနောက်သံရွာ၊ အရှေ့သံရွာ၊ အေးရွာ၊ ရဲဘော်လေး၊ ကြောင်ရွာ၊ ဆူးလေကုန်း၊ ညောင်ပင်ဇောက်၊ ကြောင်ပန်းကုန်း၊ တောင်တော် ကျေးရွာများရှိ ပြည်သူများအား အိမ်ထောင်စု တစ်စုလျှင် စားအုန်းဆီ ၂ ပိဿာနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးသည့် စားအုန်းဆီများကို(Resouries Group Trading Co,Ltd မှ တစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၇၃၈၀ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပိဿာငွေကျပ် ၈၆၇၀ ဖြင့် ရောင်းချခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

(အပေါ်ပုံ)(၄၈၀)

## ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား မေ ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သီလင်းကျေးရွာအုပ်စု၊ ခန္တီးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မေ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ ခန္တီးလေးကျေးရွာ၌ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်းရန်ပုံငွေအသုံးပြုပြီး ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခန္တီးလေးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၃၄၀အား လမ်းအကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၅၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)

(၄၄၅)



## ဆင်ဖြူဈေးတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်

**မူဆယ် မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြို့နယ်စည်ပင်သာယာရေးဌာနပိုင် ဆင်ဖြူဈေးကြီး မီးဘေးကာကွယ်ရေးအတွက် မေ ၂၀ ရက် ၃နာရီတွင် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မူဆယ်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဖြိုးနှင့် မီးသတ်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ဆင်ဖြူဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆင်ဖြူဈေးမီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်းနှင့် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)(ကဆ)

# နာနိုနည်းပညာနှင့် ခေတ်သစ်ကမ္ဘာ



၁၉၈၅ ခုနှစ်တွင် သိပ္ပံပညာရှင်များသည် ကာဗွန်အက်တမ် ၆၀ (C ၆၀)နှင့် ဖွဲ့စည်းထားသော ထူးဆန်းသည့် မော်လီကျူးအသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ အဆိုပါ မော်လီကျူး၏ ပုံစံသည် ဘောလုံးတစ်လုံးနှင့် အတိအကျ တူညီနေခဲ့ပါသည်။ ထိုအခါ သိပ္ပံပညာရှင်များမှ အဆိုပါ မော်လီကျူးကို ဘတ်မင်စတာဖူလရင်း(Buckminsterfullerene)(သို့မဟုတ်) ဘတ်ကီဘော (Buckyball)ဟု နာမည်ပေးခဲ့ကြပါသည်။ ဓာတုဗေဒ မော်လီကျူးတစ်ခုကို သိပ္ပံပညာရှင်မဟုတ်သည့် ဗိသုကာပညာရှင်တစ်ယောက်၏ နာမည်မည်သည့်အတွက်ကြောင့် ပေးခဲ့ရသည်ဟုဆိုပါက ဆက်ရှင်းပြပါမည်။ ရစ်ချတ် ဘတ်မင်စတာဖူလာ (Richard Buckminster Fuller) ဆိုသူအား ၁၈၉၅ ခုနှစ် အမေရိကန်ပြည်ထောင်စု၌ မွေးဖွားခဲ့ပါသည်။ ငယ်ဘဝမှာ သူဟာ အောင်မြင်သူတစ်ယောက်မဟုတ်ခဲ့ပါ။ ဟားဗတ်တက္ကသိုလ်မှ နှစ်ကြိမ်တိတိ ကျောင်းထုတ်ခံခဲ့ရသူ ဖြစ်ပါသည်။

အသက် ၃၂ နှစ် အရွယ်ရောက်သည့်အခါ သူ့ဘဝသည် အဆိုးဆုံးအခြေအနေကို ရောက်နေပါသည်။ သူလုပ်သည့် စီးပွားရေးများပျက် ကပ်ဆိုက်နေသလို သမီးငယ်လေးကလည်း ရောဂါနှင့် ကွယ်လွန်သွားခဲ့ပါသည်။ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေသည့် ဖူလာသည် ချီကာဂိုမြို့ရှိ မီရှီဂန်ရေကန်ကြီးထဲသို့ ခုန်ချပြီး သေကြောင်းကြံစည်ရန်အထိ ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် ရေကန်ထဲ ခုန်ချတော့မည့်ဆဲဆဲ၌ သူ့ခေါင်းထဲကို အတွေးတစ်ခု ဝင်လာပါသည်။ "ငါ့ရဲ့ဘဝဟာ ငါတစ်ယောက်တည်းနဲ့ မဆိုင်ဘူး။ စကြဝဠာကြီးနဲ့ ဆိုင်တယ်။ ငါ့ကိုယ်ငါ ဖျက်ဆီးပိုင်ခွင့်မရှိဘူး" ဆိုသည့် အသိတရားဖြစ်ပါသည်။ ထိုအချိန်ကစ၍ သူသည် သေမည့်အကြံကို စွန့်လွှတ်လိုက်ပါသည်။ ထို့နောက် "ပိုက်ဆံတစ်ပြားမှ မရှိတဲ့ သာမန်လူတစ်ယောက်ဟာ လူသားတွေ အကျိုးအတွက် ဘာတွေများ လုပ်ပေးနိုင်မလဲ" ဆိုသည်ကို သူ့ဘဝနှင့်ရင်းပြီး စမ်းသပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဖူလာ၏ အဓိက ခံယူချက်မှာ Doing More With Less(နည်းနည်းနဲ့ များများရအောင် လုပ်ခြင်း)ပဲ ဖြစ်ပါသည်။ လူသားများတိုးပွားလာသော်လည်း ကမ္ဘာ့သယံဇာတများက ကန့်သတ်ချက်ရှိနေပါသည်။ ထိုကြောင့် ရှိသည့် သယံဇာတများကို အထိရောက်ဆုံး သုံးတတ်ရန် လိုသည်ဟု သူက ယုံကြည်ပါသည်။ အဆိုပါ အယူအဆနှင့် သူသည် Dymaxion ဟုခေါ်သည့် အိမ်များ၊ ကားများကို တီထွင်ခဲ့ပါသည်။ Dymaxion ကားဆိုလျှင် ဘီးသုံးဘီးတည်းပါပြီး လေခွင်းအားအလွန်ကောင်းအောင် ဒီဇိုင်းဆွဲထားပါသည်။ ဆီစားအရမ်းသက်သာသလို လူ ၁၁ ယောက်အထိ စီးနိုင်အောင်လည်း ဖန်တီးထားပါသည်။ စီးပွားရေးအရ ချက်ချင်း အောင်မြင်မှုမရခဲ့သော်လည်း သူ၏ သယံဇာတကို ချွေတာပြီး အကောင်းဆုံး အသုံးချမယ်ဆိုသည့် အတွေးအခေါ်သည် အနာဂတ်အင်ဂျင်နီယာများအတွက် လမ်းစတစ်ခု ဖြစ်ခဲ့ပါသည်။

ဖူလာ၏ အကျော်ကြားဆုံး တီထွင်မှုမှာ ဂျီအိုဒက်ဆစ် အမိုးခုံး(Geodesic Dome)ပဲ ဖြစ်ပါသည်။ သဘာဝတရားကို လေ့လာသည့်အခါ တြိဂံပုံစံသည် အခိုင်မာဆုံးဖြစ်သည်ဆိုသည်ကို သူ တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် တြိဂံပုံစံအကွက်လေးများကို ဆက်စပ်ပြီး လုံးဝန်းသည့်အမိုးခုံးကြီးများကို တည်ဆောက်ခဲ့ပါသည်။ အဆိုပါ အမိုးခုံးများသည် အလယ်မှာ ထောက်တိုင်တစ်တိုင်မှ မလိုဘဲ ဧရာမ အကျယ်အဝန်းကို ဖုံးအုပ်နိုင်ပါသည်။ ကုန်ကြမ်းအလွန်နည်းပါးစွာ သုံးရသော်လည်း၊ လေတိုက်ဒဏ်၊ ငလျင်ဒဏ်တွေကို အံ့မခန်း ခံနိုင်ရည်ရှိပါသည်။ အဆိုပါ တီထွင်မှုကြောင့်ပင် သူသည် ကမ္ဘာကျော် ဗိသုကာပညာရှင် တစ်ယောက်ဖြစ်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းမှာ ဒီဇိုင်းတူ အမိုးခုံးပေါင်း သုံးသိန်းကျော်အထိ တည်ဆောက်ခဲ့ကြသည်ဟု သိရှိရပါသည်။

အဆိုပါ ၁၉၈၅ ခုနှစ်မှာပင် သိပ္ပံပညာရှင်သုံးဦး (Kroto, Smalley နှင့် Curl) တို့သည် ကာဗွန်အက်တမ် ၆၀ ပါဝင်သည့် မော်လီကျူးကို ဓာတ်ခွဲခန်းတွင် စမ်းသပ်ရင်း ထူးဆန်းသည့်တည်ဆောက်ပုံတစ်ခုကို တွေ့လိုက်ရပါသည်။ အက်တမ်များသည် ဆဋ္ဌဂံ နှင့် ပဉ္စဂံပုံစံများ အချိုးကျကျ ဆက်စပ်နေပြီး ဘောလုံးတစ်လုံးလို အခေါင်းပွ လုံးဝန်းနေသည်ကို တွေ့လိုက်ရပါသည်။ အဆိုပါ တည်ဆောက်ပုံသည် ရစ်ချတ် ဘတ်မင်စတာဖူလာ တီထွင်ခဲ့သည့် ဂျီအိုဒက်ဆစ် အမိုးခုံးကြီးများနှင့် အတိအကျ သွားတူနေသည်ကို သိပ္ပံပညာရှင်များက ချက်ချင်း သတိထားမိသွားပါသည်။ ဖူလာ၏ အံ့မခန်း ဗိသုကာပညာကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါမော်လီကျူးအသစ်ကို ဘတ်မင်စတာဖူလရင်း (Buckminsterfullerene)ဟု နာမည်ပေးခဲ့ကြပါသည်။

အဆိုပါ Buckyball လေးများသည် အလွန်ပေါ့ပါးသော်လည်း စိန်ထက်ပင် ပိုမာကျောပါသည်။ အဆိုပါ တွေ့ရှိမှုကြောင့် နာနိုနည်းပညာလောကတွင် ကြီးမားသည့် တော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်လာစေခဲ့ပြီး ခေတ်မီဆေးဝါးများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ ထုတ်လုပ်ရာ၌ အကြီးအကျယ်အထောက်အကူ ဖြစ်လာစေခဲ့ပါသည်။ (အဆိုပါ မော်လီကျူးကို ရှာတွေ့ခဲ့သည့် သိပ္ပံပညာရှင်များသည်လည်း ၁၉၉၆ ခုနှစ်မှာ ဓာတုဗေဒ နိုဘယ်ဆုကို ရရှိခဲ့ကြပါသည်။) ဖူလာသည် Spaceship Earth ဆိုသည့် စကားလုံးကို စတင်သုံးစွဲခဲ့သူလည်း ဖြစ်ပါသည်။ "ကမ္ဘာကြီးဟာ စကြဝဠာထဲမှာ သွားလာနေတဲ့ ဧရာမအာကာသယာဉ်ကြီး တစ်စင်းဖြစ်တယ်။ ကျွန်တော်တို့ လူသားအားလုံးဟာ အဲ့ဒီယာဉ်ပေါ်က အာကာသယာဉ်မှူးတွေ ဖြစ်ကြတယ်။ ဒီအာကာသယာဉ်ကြီးမှာ အပိုပစ္စည်းမပါဘူး။ အရင်းအမြစ်တွေ ကန့်သတ်ထားတယ်။ ဒါကြောင့် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်မှသာ အသက်ရှင်နိုင်မယ်"ဟု သူက အမြဲသတိပေးလေ့ ရှိပါသည်။

ရစ်ချတ်ဘတ်မင်စတာဖူလာသည် ၁၉၈၃ ခုနှစ် အသက် ၈၇ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ သူသည် တစ်ချိန်က ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးစားခဲ့သည့် အရှုံးသမား တစ်ယောက်ဖြစ်သော်လည်း လူသားများ အကျိုးအတွက် အသက်ရှင်မည်ဆိုသည့် ခံယူချက်တစ်ခုတည်းနှင့်ပင် ကမ္ဘာကြီးကို ပြောင်းလဲနိုင်ခဲ့သူဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်၍ နာနိုနည်းပညာအကြောင်းအား အနည်းငယ်ရှင်းပြလိုပါသည်။ နာနိုတက္ကနော်လော်ဂျီ (အင်္ဂလိပ် : Nanotechnology;နာနို-နည်းပညာ) ဆိုသည်မှာ အလွန့်အလွန်သေးငယ်သော ဒြပ်ပစ္စည်း Nanoparticles တို့ကို လေ့လာသည့် သိပ္ပံဘာသာရပ် တစ်ခုဖြစ်ပေသည်။

နာနိုသည် တစ်-နာနိုမီတာ (၁၀ ၏ ထပ်ညွှန်းကိန်း အနုတ် ၉ မီတာ : ၁၀$^{-9}$) အတိုင်းအတာကို ကိုယ်စားပြုပေသည်။ တစ်-နာနိုမီတာသည် မီလီမီတာ၏ တစ်သန်းပုံ တစ်ပုံ(သို့ )လူ့ဆံပင်လုံးပတ်၏ ၁၈၀,၀၀၀ပုံ တစ်ပုံနှင့် ညီမျှပေသည်။ နာနို-ဒြပ်ထုပစ္စည်း (နာနိုအမှုန်) Nanoparticles တို့သည် သေးငယ်သော်လည်း ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်ဂုဏ်သတ္တိများမှာ ဆန်းပြားကာအံ့ဩဖွယ် ကောင်းလှပေသည်။ ကော်လွိုက်တက်စ် အခြေအနေတွင် နာနိုအမှုန်တို့၏ အရောင် (Luster, Color of Particles in Colloidal)မှာ ၎င်းတို့၏ အရွယ်နှင့် ပုံပန်းသဏ္ဌာန် (Size and Shape) ပေါ်မူတည်၍ အမျိုးမျိုး ပြောင်းလဲတတ်ကြပေသည်။ ဥပမာ- ရွှေသတ္တု၏ နာနိုအမှုန် (Gold Nanoparticles) အရောင် (Luster, Color of Colloidal) သည် အနီ(Red)၊ အပြာ (Blue)၊ အပြာနု(Light Blue) စသည်ဖြင့် အမျိုးမျိုး ရှိနိုင်ပေသည်။ နာနို-ဒြပ်ပစ္စည်းတို့သည် အလွန်ပေါ့ပါးခြင်း၊ အပူစီးကူးမှုကောင်းခြင်း၊ လျှပ်စီးမှုကောင်းခြင်းတို့မှာ မူလသတ္တု၏ ဂုဏ်သတ္တိထက် များစွာသာလွန်ပေသည်။ ၎င်းဒြပ်ပစ္စည်းထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးမှာလည်း လက်ရှိလေ့လာစမ်းသပ်ချက်များအရ ပြောပလောက်အောင် မတွေ့ရသေးချေ။ ၎င်း၏ထူးကဲကောင်းမွန်သော ဂုဏ်သတ္တိများကြောင့် ၎င်း၏ဂုဏ်သတ္တိအမျိုးမျိုးကို လိုက်၍ နယ်ပယ်အသီးသီးတွင် တွင်ကျယ်စွာဖြင့် တွေးတောကြံဆ အသုံးပြုလာကြပေသည်။

အထူးသဖြင့် အီလက်ထရောနစ်နယ်ပယ်၊ ဆေးပညာနယ်ပယ်၊ သတင်းနှင့်နည်းပညာဆိုင်ရာနယ်ပယ်၊ စွမ်းအင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာနယ်ပယ်၊ မျိုးဗီဇဆိုင်ရာနယ်ပယ်တို့တွင် အောင်မြင်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချလျက်ရှိနေသည်မှာ ဆယ်စုနှစ်ခန့်ပင် ရှိပေပြီ။ ယနေ့ လက်ရှိ ကမ္ဘာတွင်လည်း အစိုးရအသီးသီးနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းအမျိုးမျိုးတို့သည်လည်း နာနိုနည်းပညာ (Nanotechnology) ဖွံ့ဖြိုးရေးနှင့် ၎င်းဒြပ်ပစ္စည်းကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် ရည်ရွယ်၍ တစ်စထက်တစ်စတိုး၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာနေကြပေသည်။ အမှန်စင်စစ်အားဖြင့် နာနိုနည်းပညာ (Nanotechnology) သည် မျက်မှောက်ခေတ်သိပ္ပံနယ်ပယ်တွင် နှစ်လိုဖွယ် အကျိုးဖြစ်ထွန်းမှု၊ အံ့မခန်းသော ဒြပ်ပစ္စည်းအသစ်များ ရှာဖွေတွေ့ရှိမှုတို့နှင့်အတူ ယှဉ်တွဲလျက် ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာလောကကြီးအတွက် အမှန်တကယ် အကျိုးကျေးဇူးရှိသည့် ဆိုးကျိုးအနည်းဆုံးသော နည်းပညာသစ်တစ်ရပ် ဖြစ်သလောဆိုသည့် မေးခွန်းနှင့်လည်း ရင်ဆိုင်နေရဦးမည် ဖြစ်ပေသည်။

နာနိုစကေးဒြပ်ဝတ္ထုပစ္စည်း (Nanoscale Materials) များသည် ၎င်း၏သေးငယ်သော ဒြပ်ပစ္စည်း အရွယ်ပမာဏ၏ ထူးကဲသောရုပ်ပိုင်း၊ ဓာတ်ပိုင်း ဂုဏ်သတ္တိများကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ အထူးသဖြင့် ဓာတုဗေဒပညာရှင်များ၊ ရူပဗေဒပညာရှင်များ၊ သတ္တုဗေဒပညာရှင်များသည် နည်းပညာအသစ်ဖြစ်သော ဖွံ့ဖြိုးလာနေသည့် နာနိုနည်းပညာကို စိတ်ဝင်စားလာကြပေသည်။ ထုတ်လုပ်လိုက်သော နာနိုဒြပ်ပစ္စည်းမှာလည်း သေးသောအရွယ်ပမာဏရှိခြင်း၊ ကျဉ်းသောပျံ့နှံ့မှုရှိခြင်း၊ ဒြပ်ပစ္စည်းမျက်နှာပြင်တွင်လည်း ဓာတုအဆိပ်အတောက်မဖြစ်ခြင်းတို့ကို ရရှိပေသည်။ ယနေ့ လေ့လာမှုများတွင် သတ္တုအောက်ဆိုဒ် နာနိုဒြပ်ပစ္စည်းအချို့ ဖန်တီးဖြစ်ပေါ်ခြင်းနှင့် ၎င်းတို့၏ သွင်ပြင်လက္ခဏာများကို စူးစမ်းမှုများ ပါဝင်လာပေသည်။

အချုပ်အားဖြင့်ဆိုရသော် မျက်မှောက်ခေတ်ကာလကို နည်းပညာနယ်ပယ်၌ နာနိုခေတ်ဟု ခေါ်ရမည်ဆိုလျှင် လွန်အံ့မထင်ပါ။ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ သုတေသနဌာနများ၊ တက္ကသိုလ်များတွင် နာနိုနည်းပညာနှင့်ပတ်သက်သော သုတေသနများကို အားသွန်ခွန်စိုက် ဆက်လက်ပြုလုပ်လျက်ရှိနေကြသည်။ အမှန်အားဖြင့် နာနိုနည်းပညာပေါ်ပေါက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမက ရှိခဲ့လေပြီ။ လက်ရှိကာလတွင်မူ နာနိုနည်းပညာ ဖြစ်ပေါ်မှုမှာ အထူးတိုးတက်စွာဖြင့် တည်ရှိနေပြီး နာနိုနည်းပညာကို ပို၍လေ့လာလိုက်စားလျက် ရှိလာကြပေသည်။ ထိုသို့ လိုက်စားရာတွင် နာနိုနည်းပညာ၏ အရေးပါသော အခြေခံဖြစ်သော နာနိုဒြပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ အထူးပြုလေ့လာခြင်းတို့မှာ အရေးပါလှပေသည်။ အလွန့်အလွန်သေးငယ်လှသော နာနိုဒြပ်ပစ္စည်းများကို လေ့လာရာတွင် ဒြပ်ပစ္စည်းတို့၏ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ ပါဝင်ဓာတ်ပစ္စည်း တို့ကို သိရှိရန် SEM (Scanning Electron Microscopy) နှင့် TEM (Transmission Electron Microscopy) တက္ကနစ်တို့မှာ မသိမဖြစ် အရေးပါလှပေသည်။ ထိုစက်ပစ္စည်းတို့တွင် အထူးသဖြင့် သိရှိလိုသည့် နာနိုဒြပ်ပစ္စည်းကို အီလက်ထရွန်ရောင်ခြည်နှင့်ရိုက်၍ ရရှိလာသော တွေ့ရှိချက်ကို လေ့လာခြင်းဖြစ်ပေသည်။ ၎င်းမှ ရရှိလာသော တွေ့ရှိချက်ကို ကျွမ်းကျင်စွာ လေ့လာနိုင်ရန် အီလက်ထရွန်ရောင်ခြည် အသုံးပြု၍ ဓာတုအနုစိတ် လေ့လာခြင်းနည်းစနစ်မှာ မြောက်မြားလှစွာသော နာနိုနည်းပညာ၏ နည်းစနစ်များထဲမှ တတ်မြောက် လေ့လာထားရှိရမည့် ဘာသာရပ်တစ်ခုဖြစ်ပါကြောင်း ဗဟုသုတရရှိရန် အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

**Ref ; Wikiepedia from Google and AI Facts.**

နော်ယဉ်ကျေး

# လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင် ပြည်သူများ တွေ့ဆုံ



**မန္တလေး မေ ၂၁**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ် ပြည်နိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၃၇)၊ ၂၈လမ်းနှင့် ၉၁လမ်း ထောင့်ရှိ ပုလိုင်းခမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်မှချမှတ်ထားသော ရက်(၁၀၀)စီမံချက် လုပ်ငန်းစဉ်များအရ မဲဆန္ဒရှင် ပြည်သူများ၏ လိုအပ်ချက်ဖြစ်တဲ့ လမ်းမီးတိုင်များနဲ့ လျှပ်စစ်မီး အချိန်မှန်ရရှိရေးတို့ကို သက်ဆိုင်ရာ ဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်က မိဘပြည်သူတွေရဲ့ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာမှာ မိဘပြည်သူများကလည်း ပူးပေါင်းပါဝင် လုပ်ဆောင်မှသာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိုလည်း အားပေးကြရန် ပြောကြားပြီး မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးက မြို့နယ်အတွင်း တစ်ရပ်ကွက်ချင်းအလိုက် မိဘပြည်သူလူထုနဲ့ တွေ့ဆုံကာ ပြည်သူ့အသံကို လွှတ်တော်သို့ တင်ပြပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မဲဆန္ဒရှင် ပြည်သူများက ရပ်ကွက်အတွင်း လိုအပ်ချက်များကို ကွင်းဆင်း စစ်ဆေးပေးရန် လမ်းမီးတိုင်များ အလင်းရောင်ရရှိရေး၊ စည်ပင်သာယာရေးပေးဝေမှု၊ အမှိုက်သိမ်းစနစ် အမှိုက်ခွန်ကောက်ခံမှုနှုန်းထား လျှပ်စစ်မီတာခွန်ကောက်ခံသည့်နှုန်းထားများ ပြန်လည်သုံးသပ်ပေးရန်နှင့် ရေဆိုးမြောင်းများ ရေစီးဆင်းမှု မရှိသောကြောင့် လျင်မြန်စွာ ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုထွေးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် ရပ်ကွက်အတွင်း ကွင်းဆင်း၍ ပြည်သူလူထု၏ တင်ပြချက်များကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၀၄၁)**

# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဓာတ်အားပြန့်ပြူးစနစ်ပိုမိုကောင်းမွန်စေရန် အလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၂၁**

ပြည်သူများ လျှပ်စစ်ဓာတ်အားရယူသုံးစွဲရာတွင် ပိုမိုထိရောက်အကျိုးရှိစေရန်နှင့် ဌာနအနေဖြင့်လည်း ဓာတ်အားဖြန့်ဖြူးစနစ် ပိုမိုကောင်းမွန်လာစေရန်အတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီဖြစ်သည့် ကျော်ညီမြတ်ကုမ္ပဏီတို့ ပူးပေါင်း၍ Capacitor Bank တပ်ဆင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၂၆လမ်းထောင့်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အစည်းအဝေးခန်းမ(၂)တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Power Factor များ ကောင်းမွန်ရန်၊ Capacitor Bank များ အကြောင်း၊ တပ်ဆင်ပုံ၊ တပ်ဆင်အသုံးပြုနည်း၊ စစ်ဆေးပုံ၊ စစ်ဆေးနည်းများ သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ Capacitor Bank တပ်ဆင်မှုကြောင့် မီးသုံးစွဲသူများတွင် လျှပ်စစ်ဓာတ်အား ဗို့အားအပြည့်အဝအသုံးပြုနိုင်ခြင်း၊ အသုံးပြုဝန်အားနှင့် သုံးစွဲယူနစ်မှန်ကန်စေခြင်း၊ ဓာတ်အားခများသက်သာခြင်း၊ လျှပ်စစ်ဓာတ်အားဌာနတွင်လည်း ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး လက်အောက်ရှိ ခရိုင်၊ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ လက်ထောက်အင်ဂျင်နီယာနှင့် အငယ်တန်းအင်ဂျင်နီယာနှစ်ဦး၊ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**





# ကျောင်းအပ်နှံရေး သီတင်းပတ် အထိမ်းအမှတ် ပိုစတာစိုက်ထူပွဲ အခမ်းအနား ကျင်းပ

**သရက် မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းနေအရွယ်ကလေးများ အခြေခံပညာရေးကို လက်လှမ်းမီသင်ယူနိုင်ခွင့် ရရှိရေးအတွက် မသင်မနေရ အခမဲ့ ပညာရေးစနစ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အထိမ်းအမှတ် ပိုစတာ စိုက်ထူခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အထိမ်းအမှတ် ပိုစတာအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပညာဂုဏ်ရည်

* ကိုယ့်ဆီမှာ ပညာရှိ
အမှား အမှန်သိ ခွဲခြားလွယ်
လူတိုင်းအပေါ် ကူညီစိတ်
ယိုဖိတ်လာမယ် ။

* တန်ဖိုးကြီး ရတနာ
လူ့ပြည်ရွာ ရှာဖွေကြည့်
တွေ့ကြုံမယ် အခက်အခဲများ
ကျော်လွှားတွေ့ရှိ ။

* ထို့ကြောင့်ကွယ် လူ့ဘဝ
ရှာဖွေကြ ပညာတွေ
ကြီး လတ် ငယ် ဘယ်မရွေး
စာဖတ်ပေးလေ ။

* အမှန်းတွေဖယ် အချစ်တွယ်
ပညာရယ် လမ်းပြ
ကိုယ်လျှောက်ရာ ခရီးလမ်း
အေးချမ်းလှပ ။

* လောကဝယ် ပညာအလင်း
အမှောင်ခွင်း ထိန်ထိန်သာ
စိန် ရွှေ ငွေ ရတနာထက်
လင်းလက်ပညာ ။

* တိုတောင်းလှ ဘဝသာ
နေပမာကွယ် ထွန်းလင်းဖို့
ပညာကို အဖော်ပြုလို့
ကိုယ့်ကိုယ်ကိုယ် ··· ထုဆစ်ကြစို့ ။ ။

မောင်မောင်လင်းထွန်း(နန်းတော်ရှေ့)





# (၂၁၄)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး မေ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈B လမ်းထောင့်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၁၄)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်၅နာရီခွဲက အဆိုပါအသင်း ရုံးရှေ့တွင်ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်အရှင်မြတ်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူးဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီး ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၂၁၄)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်)မိသားစု၊ ဒေါ်မမအား ရည်စူး၍(ပတ္တမြားသုခ) မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ဦးခင်မောင်ရီနှင့်ဇနီး မိသားစု ဒေါ်နန်းခွန် ၂၈လမ်းမိသားစု၊ ကိုမျိုးဝင်းကျော်+မဖြိုးဖြိုးသိန်း မိသားစု၊ ဦးသိန်းတန်အား ရည်စူး၍ ဒေါ်စန်းရီ(သစ္စာရိပ်မွန်) မိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅ ၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၁)**



အိမ်ရှေ့တွင် သစ်ပင်စိုက်
မြောင်းအမှိုက် သန့်စေချင်
မြို့အသွင်အစဉ်ထူးလို့ လှပပျော်ရွှင်။

# သမိုင်းဝင်ဘေးမဲ့ချမ်းသာ မဟာရာမ်ဆီးစေတီ ရွှေသင်္ကန်းကပ်ရန် ငြမ်းဆင်

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလယ်ရပ်၊ 'ဘေးမဲ့ချမ်းသာ မဟာရာမ်ဆီးစေတီ' ကို လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူရန်နှင့် ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူရန်အတွက် ငြမ်းဆင်သည့်လုပ်ငန်း စတင်နေပြီဖြစ်သည်။

'ဘေးမဲ့ချမ်းသာ မဟာရာမ်ဆီးစေတီ' သည် မုံရွာမြို့ သမိုင်းထဲတွင်ပါဝင်သည့် ဘုရားလေးဆူထဲတွင် အပါအဝင်ဖြစ်ပြီး လက်ရှိတွင် အများက ဘုရားလှဟု ပြောဆိုသမုတ်ကြခြင်းဖြစ်သည်။

'မဟာရာမ်ဆီးစေတီတော်ကြီးဟာ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးကြောင့် ၄က်ပျောဖူးအောက်ကွာကျတာ၊ ကွဲအက်တာတွေရှိတဲ့အတွက် မဖြစ်မနေပြုပြင်ကြရတာပါ။လွန်ခဲ့တဲ့နှစ် ၅၀ ကျော်က စေတီတော်ကြီးရဲ့ သံထီးတော်ကို ရွှေသင်္ကန်းကပ်လှူခဲ့ပြီး လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က စေတီတော်ကို လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူပါတယ်'ဟု ဘုရားလှကျောင်းတိုက် ဆရာတော် ဦးဉာဏိဿရက မိန့်ကြားသည်။

လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူရန်နှင့် ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူရန်အတွက် ဘုရားလှကျောင်း တိုက်ဆရာတော် ဦးဉာဏိဿရ ဦးဆောင်ပြီး ဘုရားလှဘုရားဂေါပကအဖွဲ့နှင့် အလှူရှင်များက အကြီးစားပြုပြင်မွမ်းမံနေကြခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ထီးတော်ကြီးသည် သံချေးအလိမ်းလိမ်းတက် မဲနေပြီဖြစ်သည့်အပြင် စေတီလုံးပတ်တော်သည် ရွှေသင်္ကန်းရောင်တော်မှိန်နေပြီ ဖြစ်သည်။

လုံးတော်ပြည့်ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းများ ဆောင်ရွက်ရာတွင် အလှူခံစခန်းဖွင့်လှစ်ခြင်းမပြုတော့ဘဲ အနယ်နယ်အရပ်ရပ်မှ ကြားသိ၍ လာရောက်လှူဒါန်းခြင်း၊ နီးစပ်ရာ K Pay ဖြင့် လှမ်းလှူကြခြင်းများကို လက်ခံပြီး ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ဘုရားလှဆရာတော်က မိန့်တော်မူကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၉၄)**



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးစောဝင်းနွယ် + ဒေါ်ရူပါမောင်၊ (သမီး)မအင်ကြင်းမောင်၊ မငွေဇင်စံ၊ မအိကံ့ကော်မြင့်မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း၄၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၅၀ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ပုံ) PNT**

*-*-*-*-*-*

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မြို့သစ် မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ သီးနှံစိုက်ပျိုးရာတွင် အဆင်ပြေစေရန် မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၂ ရက်က စတင်၍ ကျေးရွာအုပ်စုအလိုက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးစပါးဧက ၃၀၀၀၀ နှင့် အခြားသီးနှံစုံ ဧက ၁၅၀၀၀ အတွက် ငွေကျပ် သိန်းပေါင်း ၁၂၇၅၀၀ ထုတ်ချေးပေးရန် လျာထားရာ ယနေ့တွင် ဘော့ကျေးရွာအုပ်စု၊ ဘော့ကျေးရွာရှိ တောင်သူ ၃၈ ဦး၊ မိုးစပါး ၉၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၁ သိန်းအား တောင်သူများ၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ပြီး မေ ၂၀ ရက်အထိ ကျေးရွာအုပ်စုလေးအုပ်စု၊ တောင်သူဦးရေ ၃၃၃ ဦးအား မိုးစပါးနှင့် အခြားသီးနှံစုံ ၁၅၇၀ ဧကအတွက် ချေးငွေပမာဏ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၄၅၃၇ ဒသမ ၅၀၀ ထုတ်ချေးပြီးစီးကြောင်း မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

*-*-*-*-*-*

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းဖွင့်

**ရပ်စောက် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကြောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀ နာရီက လွယ်ကိုးကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်စောက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမ ဒေါ်သင်းသင်းကြိုင်က အဆိုပါသင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။



အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေါ်သင်းသင်းကြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမင်းအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၅)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့ နှစ်ဦး အိမ်နီးချင်း ချစ်ကြည်ရေးစာချုပ်သက်တမ်းတိုးရန် သဘောတူညီ



**ပေကျင်း မေ ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ နှစ်ဦးသည် နှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ယုံကြည်မှု၊ မဟာဗျူဟာမြောက် ပူးပေါင်းညှိနှိုင်းမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိပြုကြရင်း တရုတ်-ရုရှား အိမ်နီးချင်းကောင်းပီသမှုနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို သက်တမ်းတိုးရန် မေ ၂၀ ရက်တွင် သဘောတူညီခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို သမ္မတ ပူတင်၏ နှစ်ရက်ကြာ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ် မပြီးဆုံးမီ ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်၌ နိုင်ငံတော်အကြီးအကဲ နှစ်ဦးအကြား ဆွေးနွေးပွဲ ပြုလုပ်စဉ် ရရှိခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် သမ္မတနှစ်ဦးသည် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းညှိနှိုင်းရေး မြှင့်တင်ရန်နှင့် အိမ်နီးချင်းကောင်းပီသမှုနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန် ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။

ခေါင်းဆောင်နှစ်ဦးသည် စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ အပါအဝင် ကဏ္ဍများရှိ ပူးပေါင်းဆောင်ရွက်ရေး စာချွန်စာတမ်း ၂၀ လက်မှတ်ရေးထိုးပွဲကိုလည်း သက်သေအဖြစ် ပါဝင်တက်ရောက်ကြသည်။

ထို့ပြင် နှစ်ဖက်စလုံးက ကမ္ဘာ့အင်အားကြီး နိုင်ငံအများအပြား ပါဝင်သော ကမ္ဘာ့စနစ်သစ်တစ်ခုနှင့် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်တစ်ရပ်ကို အားပေးမြှင့်တင်ရန် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြပြီး အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၂၀ ကို ရရှိခဲ့ကြသည်။

ယခုခရီးစဉ်သည် သမ္မတ ပူတင်အနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ရုရှားသမ္မတရာထူးကို စတင်တာဝန်ယူခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ ၂၅ ကြိမ်မြောက် လာရောက်သည့် ခရီးစဉ်ဖြစ်ပြီး တရုတ်-ရုရှား ဆက်ဆံရေး၏ မြင့်မားသော အဆင့်အတန်းနှင့် ထူးခြားချက်ကို အပြည့်အဝ ပြသနေခြင်းဖြစ်သည်ဟု ဆွေးနွေးပွဲအပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် သမ္မတ ရှီက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## အိန္ဒိယ၌ ပြင်းထန်သော အပူလှိုင်းဒဏ် ရင်ဆိုင်နေရသဖြင့် လယ်သမားများ ညဘက်တွင် ပြောင်းရွှေ့လုပ်ကိုင်နေကြရ



**နယူးဒေလီ မေ ၂၁**

အိန္ဒိယနိုင်ငံ၏ ဒေသအများအပြားတွင် ပြင်းထန်သော အပူလှိုင်းဒဏ်ကို ရင်ဆိုင်နေရသဖြင့် လမ်းများနှင့် ဈေးများသည် မွန်းလွဲပိုင်းအချိန်များတွင် လူသူကင်းမဲ့လျက်ရှိပြီး အချို့သော တောင်သူ လယ်သမားများသည် နေပူရှိန်ကို ရှောင်ရှားရန်အတွက် ညဘက်တွင် ပြောင်းရွှေ့လုပ်ကိုင်နေကြရကြောင်း သိရသည်။

မြို့တော် နယူးဒေလီတွင် မေ ၂၁ရက် နောက်ပိုင်းအမြင့်ဆုံး အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်ခန့်အထိ ရှိလာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားပြီး သက်ဆိုင်ရာ အာဏာပိုင်များကလည်း ပြည်သူများ အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်စေရန်အတွက် ယာယီအေးမြဖုန်များကို ဖွင့်လှစ်ပေးထားသည်။

လာမည့်ရက်များတွင် မြောက်ပိုင်းဒေသ အများအပြား၌ အပူချိန်များသည် ပုံမှန်ရာသီဥတု ပျမ်းမျှ အပူချိန်ထက် များစွာ ပိုမိုမြင့်မားနေမည် ဖြစ်ပြီး ယင်းကဲ့သို့သော အခြေအနေများ ဆက်လက်ရှိနေနိုင်သည်ဟု သတိပေးထားကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀



## အီလွန်မတ်စ်၏ ကုမ္ပဏီအတွက် အရေးပါသော မှတ်တိုင်အဖြစ် စတားရှစ်ပ် ဒုံးပျံစနစ်အသစ်ကို လွှတ်တင်ရန် အသင့်ရှိနေ

**ဝါရှင်တန် မေ ၂၁**

မော်တာအင်ဂျင်များ ပိုမိုအားကောင်းလာခြင်း၊ အဆင့်မြှင့်တင်မှုများစွာ ပါဝင်လာခြင်းနှင့် အဓိကဘေးကင်း လုံခြုံရေးဆိုင်ရာ ကောင်းမွန်အောင် ပြင်ဆင်မှုများ ပါဝင်သော စပေ့စ်အိပ်စ်ကုမ္ပဏီ၏ အလွန်ကြီးမားသည့် စတားရှစ်ပ် ဒုံးပျံစနစ်အသစ်သည် အီလွန်မတ်စ်၏ ဒုံးပျံကုမ္ပဏီအတွက် အရေးပါသော မှတ်တိုင်တစ်ခုအဖြစ် မေ ၂၁ တွင် လွှတ်တင်ရန် အသင့်ရှိနေကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် နာဆာအတွက်လည်း အလွန်အရေးကြီးသော မစ်ရှင်တစ်ခုဖြစ်ပြီး နာဆာအနေဖြင့် ၂၀၂၈ ခုနှစ် မတိုင်မီ အာတီမစ်အာကာသယာဉ်မှူးများကို လပတ်လမ်းကြောင်းမှ လမျက်နှာပြင်ပေါ်သို့ ပို့ဆောင်ရန်နှင့် ပြန်လည်ခေါ်ဆောင်ရန်အတွက် ပျံသန်းမှုစမ်းသပ်စစ်ဆေးပြီးသားဖြစ်သော လူလိုက်ပါနိုင်သည့် စတားရှစ်ပ် အပေါ်ဆင့်ဒုံးပျံဗားရှင်းကို တည်ဆောက်ပေးပို့ရန် စပေ့စ်အိပ်စ်ကုမ္ပဏီအပေါ် မျှော်လင့်အားကိုးထားသည်။

ယခုအချိန်မှစ၍ ထိုအချိန်အထိ အောင်မြင်သော စမ်းသပ်ပျံသန်းမှုပေါင်း များစွာလိုအပ်နေသောကြောင့် နာဆာအနေဖြင့် ဖြစ်လာနိုင်ခြေရှိသော စွန့်စားရမှုများကို လျှော့ချရန်အတွက် ဂျက်ဖ်ဘီဇော့စ်၏ ဘလူးအော်ရီဂျင် ကုမ္ပဏီနှင့်လည်း ပူးပေါင်းကာ အခြားရွေးချယ်စရာ လဆင်းယာဉ်တစ်စီးကို တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Mon**

## အီဘိုလာရောဂါဖြစ်ပွားမှုသည် ကပ်ရောဂါဆိုင်ရာအရေးပေါ်အခြေအနေမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား



**ဂျီနီဗာ မေ ၂၁**

ကမ္ဘာ့နိုင်ငံများရှိ အီဘိုလာရောဂါဖြစ်ပွားမှုသည် အမျိုးသားအဆင့်နှင့် ဒေသအဆင့်တွင်ရှိပြီး ကပ်ရောဂါဆိုင်ရာအရေးပေါ်အခြေအနေ မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန္ဒာနိုင်ငံတို့တွင် အီဘိုလာကူးစက်မှုအခြေအနေသည် နိုင်ငံတကာစိုးရိမ်မှုရှိသော ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ဖြစ်သော်လည်း ကပ်ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီဆက်က ပြောကြားသည်။

ယခုအချိန်အထိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြောက်ပိုင်း Ituri နှင့် မြောက်ပိုင်း Kivu ပြည်နယ်တို့တွင် ကူးစက်မှု ၅၁ ခုကို အတည်ပြုထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သေဆုံးမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ထိရောက်သည့် နိုင်ငံတကာတုံ့ပြန်မှုကို ချက်ချင်းဆောင်ရွက်ရန် အရေးတကြီးလိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ရောဂါကူးစက်မှုများတွေ့ရှိသည့် ကမ္ဘာ့နိုင်ငံများတွင် အီဘိုလာရောဂါကာကွယ်ရေးဆောင်ရွက်ရန် လိုအပ်သည့် ပစ္စည်းကိရိယာများနှင့် ရန်ပုံငွေများပေးအပ်ထားကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## တရုတ်နိုင်ငံက ဘိုးရင်းလေယာဉ် အစင်း ၂၀၀ ဝယ်ယူမည်



**ပေကျင်း မေ ၂၁**

တရုတ်နိုင်ငံက ၎င်း၏ လေကြောင်း သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်အပေါ် အခြေခံ၍ ဘိုးရင်းလေယာဉ် အစင်း ၂၀၀ ကို လုပ်ငန်းစည်းမျဉ်းများနှင့်အညီ ဝယ်ယူမည်ဖြစ်ကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ယနေ့ ကြေညာခဲ့သည်။

ထို့ပြင် အမေရိကန်က တရုတ်နိုင်ငံကို လုံလောက်သော အင်ဂျင်နှင့် အပိုပစ္စည်းများ ထောက်ပံ့ပေးရန် အာမခံမည်ဖြစ်ကြောင်း တရုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မကြာသေးမီက ကျင်းပခဲ့သော တရုတ်-အမေရိကန် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်၏ ပဏာမရလဒ်များကို ကိုးကားပြီး ပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) ကို Video Conferencing စနစ်ဖြင့် ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၂၃)ကြိမ်မြောက်အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး(23rd ACDFM) ကို Video Conferencing စနစ်ဖြင့် တက်ရောက်စဉ်။

နေပြည်တော် မေ ၂၁

(၂၃)ကြိမ်မြောက်အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး(23rd ASEAN Chiefs of Defence Forces Meeting - 23rd ACDFM)ကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Haji Muhammed Haszaimi bin Bol Hassan နှင့် ကိုယ်စားလှယ်အဖွဲ့များ၊

စာမျက်နှာ ၄ သို့ ✪



# ဒိုင်လူကြီးများ အလုပ်ရုံဆွေးနွေးပွဲနှင့် ဘောလုံးဥပဒေ ရှင်းလင်းပွဲ ကျင်းပပြုလုပ်

ရန်ကုန် မေ ၂၁

၂၀၂၆/၂၀၂၇ ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများ၏ (၂/၂၀၂၆) အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၀၊ ၂၁ ရက်တို့တွင် သုဝဏ္ဏဘောလုံးကွင်း၊ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒိုင်ကော်မတီ ဥက္ကဋ္ဌ၊ ဒိုင်ဌာနတာဝန်ခံ၊ ဒိုင်ကြီးကြပ်များ၊ ဒိုင်လူကြီးများ စုံညီစွာတက်ရောက်ခဲ့ကြပြီး လာမည့်

စာမျက်နှာ ၁၀ သို့ ✡

# ဟားခါးမြို့ရှိ ဒေသခံပြည်သူများအတွက် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ရောက်ရှိ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စွာ ကြိုဆို

နေပြည်တော် မေ ၂၁

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး(Counter-Terrorism Operation)များကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ပြီး အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယာယီနေရပ်

စာမျက်နှာ ၅ သို့ ❒



ဟားခါးမြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

# ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေကောင်းရေသန့် ပိုမိုရရှိရေးအတွက် ရေပိုက်လိုင်းသစ်များတိုးချဲ့ ဆောင်ရွက်လျက်ရှိ

မန္တလေး မေ ၂၁

အစိုးရမှ ချမှတ်ထားသော ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ် နိမိတ်အတွင်း ရေကောင်းရေသန့်ပိုမိုရရှိရေးအတွက် ရေပိုက်လိုင်းသစ်များ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထိုသို့တိုးချဲ့ဆောင်ရွက်ရာတွင် အမရပူရမြို့နယ် ရေဖြန့်ဖြူးဇရိယာဖြစ်သော ဆင်စွယ်ပွတ်ရပ်ကွက်နေ ပြည်သူများသန့်ရှင်းသော ရေကောင်းရေသန့် ပိုမိုရရှိရန် ရည်ရွယ်ပြီး အချင်း ၁၁၀ မီလီမီတာ HDPE ရေအားဖြည့် ၆၅၀ ပေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ယင်းပိုက်သွယ်တန်းခြင်းလုပ်ငန်းပြီးစီးသွားပါက ဆင်စွယ်ပွတ်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၂၅၀၊ လူဦးရေ ၈၀၀ ခန့်ကို နေ့စဉ်ရေဂါလန် ၃၀၀၀၀ ခန့် တိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ရေနှင့်သန့်ရှင်းမှုဌာန၊ အမရပူရမြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးမိုးလွင်က ပြောသည်။

အလားတူ အောင်မြေသာစံမြို့နယ်သီရိမာလာအနောက်ရပ်ကွက်၊ သီရိမာလာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများနှင့် ပတ်ဝန်းကျင်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးအတွက် အချင်း ၁၅၀ မီလီမီတာ DI ပိုက်ပေ ၆၀၀၊ အချင်း ၁၁၀ မီလီမီတာ HDPE ရေအားဖြည့်ပေ ၃၀၀၀ နှင့် အချင်း ၆၃၀ မီလီမီတာ HDPE ပိုက်လိုင်းအရှည် ၁၀၀၀ ပေ ဆက်သွယ်ထားခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းပြီးစီးပါက သီရိမာလာငါးဈေးအတွင်း ဆိုင်ခန်းပေါင်း ၈၀၀ ကျော်နှင့် ပတ်ဝန်းကျင်ပြည်သူလူထုအတွက် နေ့စဉ်ရေဂါလန်(၁၅၀၀၀၀-၂၀၀၀၀၀)ကြား တိုးချဲ့ဖြန့်ဝေပေးနိုင်မည့်အပြင် အရေးပေါ်မီးသတ်နိုင်ရန်အတွက် မီးသတ်ရေငုတ် လေးခုကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

ရေနှင့်သန့်ရှင်းဌာနအနေဖြင့် မန္တလေးမြို့ပေါ်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်ပေါင်း ခြောက်မြို့နယ်၊ ရပ်ကွက် ၉၈ ရပ်ကွက်၊ အိမ်ခြေပေါင်း ၁၃၀၀၀၀ ကျော် ရှိသည့်လူဦး ၁ ဒသမ ၇ သန်းအတွက် နေ့စဉ်ရေဂါလန် လိုအပ်ချက် ၅၁ သန်းဖြစ်ပြီး လက်ရှိအချိန်တွင် နေ့စဉ် ရေဂါလန် ၃၆-၄၀ သန်းကြား ဖြန့်ဝေပေးလျက်ရှိရာ တိုးချဲ့ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



